ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (16-9-2004)(၄၃၅၈)

တပေါ စ

တော် မင်္ဂလ မုတ္တမံ။

မြိုးမြစ္စာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုနိုင်ငံသမ္မတထံသို့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ် စက်တင်ဘာ ၁၆ရက်၌ ကျရောက်သော မက္ကဆီကို ပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုနိုင်ငံ သမ္မတ မစ္စတာ ဗီဆန့်တေး ဖောက်စ်ကေဆာဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါပူးဝါးနယူးဂီနီ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဘုရင်ခံချုပ် ဆာပေါလ်လီးယာစ်မာတာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကွေးတိုင်း ငဖဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဝန်ကြီးချုပ် ဆာမိုက်ကယ် ဆိုမာရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်

ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်ရေး စသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မျှော်မှန်းချက်များကို ကျရာအခန်းကဏ္ဍမှ တာဝန်ကျေစွာ အကောင်အထည်ဖော်နိုင်အောင် တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသောစိတ်တို့ဖြင့် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်။

ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိ ကျေးလက်ဒေသများအပါအဝင် နယ်မြေအားလုံး ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ကြီးတိုးတက်မည် ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးတောင့်တင်းရေး၊ နယ်မြေလုံခြုံအေးချမ်းရေး ကြိုးစားဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် မကွေးမြို့မှတစ်ဆင့် မင်းဘူးခရိုင် ငဖဲမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၆–၉–၂၀၀၄
(ကြာသပတေးနေ့)

နိုင်ငံတော်နှင့်ပြည်သူများ၏ ပေါင်းစည်းစေတနာ ကျေးလက်ဒေသများ သောက်သုံးရေဖူလုံစွာရရှိ

မြန်မာနိုင်ငံသည် သဘာဝတောတောင်များဖြင့် စိမ်းလန်းစိုပြည်လှပသော နိုင်ငံဖြစ်သည်။ သဘာဝသယံဇာတများ ပေါများကြွယ်ဝပြီး ရာသီဥတုညီညွတ်မျှတမှုရှိသည်။

သို့သော် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသအချို့တွင် ရွာသွန်းသောမိုးရေချိန်နည်းပါးသဖြင့် ပူပြင်းခြောက်သွေ့မှုနှင့် ရေရှားပါးမှုများ ကြုံတွေ့ခဲ့ကြရသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်းများ၊ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိသည်။

အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေခက်ခဲသောကျေးရွာ၊ ရေလုံလောက်စွာ မရရှိသော ကျေးရွာနှင့် သန့်ရှင်းသော သောက်သုံးရေမရရှိသော ကျေးရွာပေါင်း ၈၀၄၂ရွာရှိသည်။ အခြားသော ပြည်နယ်နှင့်တိုင်းများတွင် ယင်းကဲ့သို့သော ရေရှားပါးသည့် ကျေးရွာ ၁၅၁၈၃ရွာ ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ရေခက်ခဲသောကျေးရွာများ၌ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ငွေကြေးများစွာ သုံးစွဲ၍ ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၀–၂၀၀၁ ခုနှစ်မှ ၂၀၀၃–၂၀၀၄ခုနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ၄၉၀၇ရွာနှင့် အခြားပြည်နယ်၊ တိုင်းများမှ ၅၆၉၅ရွာတို့၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကြိုးပမ်းနိုင်ခဲ့ကြောင်း သိရသည်။

ရေရှားပါးခက်ခဲသော ကျေးလက်ဒေသနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ ပူးပေါင်း၍အလှူဒါနပြုလျက်ရှိကြသည်ကို ဝမ်းမြောက်ကြည်နူးဖွယ်ရာ တွေ့မြင်နေရသည်။

ထို့ပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်နိုင်ငံတကာအဖွဲ့အစည်းများကလည်း ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင် ကူညီလျက်ရှိကြသည်မှာ အရှိန်အဟုန် မြင့်မားလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၃ ရက်နေ့က ရန်ကုန်မြို့ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အလှူငွေများလက်ခံပြီး အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အဋ္ဌမကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင် စုစုပေါင်း ၁၆၃ဦးတို့က ငွေကျပ် ၁၂၀၃ သိန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၅၀၀၊ ယူရိုငွေ ၅၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ပံ့ပိုးမှု၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေနှင့် အခြားအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျေးလက်ဒေသများ ရေလုံလောက်စွာရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိရာ ချောင်းဦး၊ မြင်းမူ၊ တောင်တွင်းကြီး၊ မင်းဘူး၊ အောင်လံ၊ မြစ်သား၊ ကျောက်ဆည်နှင့် မြင်းခြံ စုစုပေါင်း ရှစ်မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နိုင်ငံတော်အစိုးရ၊ စေတနာရှင် ပြည်သူများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ ပေါင်းစည်းမှု စေတနာဖြင့် မွန်မြတ်သော အလှူဒါန ပြုကြသည့် ရလဒ်ကောင်းများ ထာဝစဉ် တိုးပွားဖြစ်ထွန်းနေမည်ဖြစ်ကြောင်း ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက်က မြို့တော် ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဒုတိယအကြိမ် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၉)

ဝန်ကြီး ဦးဝင်းအောင် မက္ကဆီကိုပြည်ထောင်စု လွတ်လပ်ရေးနေ့ သဝဏ်လွှာပို့

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၄ခုနှစ်စက်တင်ဘာ၁၆ရက်၌ ကျရောက်သော မက္ကဆီကိုပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာလူးဝစ်အာနက်စတိုဒါဘီး(ဇ်) ဘောင်တစ်(စ်)တာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့ပရိဘောဂပြပွဲ – ၂၀၀၄ ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

သစ်တောရေးရာဝန်ကြီးဌာနကကြီးမှူး၍ မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၄ ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာ့ပရိဘောဂပြပွဲ ကျင်းပပြုလုပ်ရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ပြပွဲနှင့်စပ်လျဉ်း၍ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲကျင်းပရေးနှင့် အခမ်းအနား ပြင်ဆင်ရေးကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ကော်မတီ၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ကုန်ပစ္စည်းများ ခင်းကျင်းပြသရေးကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြပွဲကျင်းပပြုလုပ်ရေး ဦးစီးကော်မတီနာယက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်စကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကျင်းပမည်

ပထမအကြိမ်“မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၄ခုနှစ်”ကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၂ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၄ ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သစ်တော)

ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီး ဆရာဝန်များအဖွဲ့)မှ အာဟာရရက်သတ္တပတ်လှုပ်ရှားမှု ကျန်းမာရေးပညာပေးဟောပြောပွဲကို ယနေ့နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁) ကျောင်းခန်းမတွင်ကျင်းပသည်။

အိုင်အိုဒင်းဓာတ်

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းက အမှာစကား ပြောကြားပြီး အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးက အိုင်အိုဒင်းဓာတ်အကြောင်းသိကောင်းစရာများ ဟောပြောသည်။ **(ဝဲပုံ)**

ဟောပြောပို့ချ

ဆက်လက်၍ အမျိုးသားအာဟာရနှင့် သုတေသနဌာနမှ ဒေါက်တာဒေါ်အေးအေးသော်က အာဟာရအကြောင်းသိကောင်းစရာများဟောပြောပို့ချသည်။

(၃၂)

တားမြစ်လက်နက်များမရှိကြောင်း အီရတ်လက်နက်ကိစ္စ လေ့လာရေးအုပ်စုက အစီရင်ခံစာထုတ်ပြန် တိုနီဘလဲအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ရပ် ကြုံတွေ့စေနိုင်ဟု ဂါးဒီးယန်းသတင်းစာတွင်ဖော်ပြ

လန်ဒန် စက်တင်ဘာ ၁၄

အချိန်ကြာကြာ မျှော်လင့်စောင့်စားခဲ့ရသည့် အီရတ်လေ့လာရေးအုပ်စု(အိုင်အက်စ်ဂျီ)က အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့စဉ်က တားမြစ်လက်နက်များ အီရတ်နိုင်ငံတွင် မရှိကြောင်း ကောက်ချက်ချကာ အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ပေးခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အီရတ်နိုင်ငံ ကိစ္စနှင့်ပတ်သက်၍ လာမည့် ရက်သတ္တနှစ်ပတ်အတွင်း နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြင့် ထိပ်တိုက်တွေ့ကြုံနိုင်ကြောင်း ဗြိတိသျှ ဂါးဒီးယန်းနေ့စဉ်သတင်းစာက သောကြာနေ့တွင် ရေးသားလိုက်သည်။

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ခြိမ်းခြောက်မှုသည် အစစ်အမှန်ဖြစ်သည်ဟု အိုင်အက်စ်ဂျီက ယုံကြည်သော်လည်း အီရတ်နိုင်ငံတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သည့် လက်နက်များ(ဒဗလျူအမ်ဒီ)မရှိကြောင်း ၎င်းတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စေလွှတ်ခဲ့

အီရတ်နိုင်ငံတွင် ယင်းလက်နက်များ ရှာဖွေရန် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က လက်နက် စစ်ဆေးရေးမှူးများ အဖွဲ့(အိုင်အက်စ်ဂျီ) ကို အီရတ်သို့ စေလွှတ်ခဲ့သည်ဟု ဖော်ပြပါသတင်းစာက ရေးသားသည်။

အီရတ်တွင် တားမြစ်လက်နက်များ မရှိခဲ့ကြောင်း အချိန်ကြာသောင်းစွာ သံသယမကင်း ဖြစ်ခဲ့ကြသည်။ သို့ရာတွင် အာဏာရ လေဘာပါတီညီလာခံ မကျင်းပမီ တစ်ရက်အကြိုတွင် ချိန်ကိုက်၍ ထုတ်ပြန်လိုက်သည့် အစီရင်ခံစာ၏ ကောက်ချက်ချမှုကြောင့် အငြင်းပွားသည့် ပြဿနာအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာက ထပ်လောင်း ရေးသားသည်။

သုံးသပ်ချက်

အိုင်အက်စ်ဂျီက တားမြစ်လက်နက် တစ်စုံတစ်ရာကိစ္စကို လွန်ခဲ့သည့်နှစ်အတွင်း ဖော်ထုတ်နိုင်ဖွယ် မရှိခဲ့ကြောင်း အထင်အရှားဖြစ်နေသော်ငြားလည်း ယင်းအစီရင်ခံစာ၏ နောက်ဆုံးသုံးသပ်ချက်ကြောင့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲအား နေမထိထိုင်မသာဖြစ်စေနိုင်ကြောင်း ဂါးဒီးယန်း သတင်းစာက ရေးသားသည်။

တိုက်ခိုက်ခဲ့

ဆက်ဒမ်ဟူစိန်က ဓာတုနှင့် ဇီဝလက်နက်များ ထုတ်လုပ်မည့် လျှို့ဝှက်အစီအစဉ်ရှိကြောင်း ဘုရှ်နှင့် ဘလဲ နှစ်ဦးစလုံးက အီရတ်စစ်ပွဲ မဖြစ်ပွားမီက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ဆက်ဒမ်ဟူစိန်၏ ဒဗလျူအမ်ဒီသည် နိုင်ငံတကာမိသားစုတစ်ရပ်လုံးအတွက် ခြိမ်းခြောက်မှု အန္တရာယ်ဖြစ်နေကြောင်း အကြောင်းပြကာ အီရတ်စစ်ပွဲကို လွန်ခဲ့သည့် နှစ်အတွင်းက ဆင်နွှဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရှင်းလင်းဖယ်ရှား

ရှင်းလင်းဖယ်ရှား

ဘဂ္ဂဒက်မြို့ လေဆိပ်အသွားကားလမ်းပေါ်တွင် မီးလောင်ပျက်စီးနေသည့် အမေရိကန်ကားတစ်စီးအနီးမှ အပျက်အစီးများကို ရှင်းလင်းဖယ်ရှားနေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်တပ်ဖွဲ့ဝင်များ အာဖဂန်မှ ဌာနေပြန်ရောက်

မဒရစ် စက်တင်ဘာ ၁၄

လွန်ခဲ့သည့်လေးလအတွင်း အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် လူသားချင်း စာနာထောက်ထားရေး ကယ်ဆယ်မှု လုပ်ငန်းများ တာဝန်ထမ်းဆောင်သည့် စပိန်တပ်ဖွဲ့ဝင် ၈၂ဦးတို့သည် ဌာနေသို့ သောကြာနေ့က ပြန်လည်ရောက်ရှိလာသည်။

ရောက်ရှိ

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် ဖြန့်ချထားသည့် စပိန်တပ်ဖွဲ့ဝင်များသည် စပိန်နိုင်ငံ မဒရစ်မြို့ ဘာရာဂျာ နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိလာသည်။

ဝေငှခဲ့

စပိန်တပ်ဖွဲ့ဝင်များသည် အာဖဂန် ဆေးရုံများ၊ ကျောင်းများနှင့် ကယ်ဆယ်ရေး စခန်းများတွင် စပိန်နိုင်ငံက ပေးပို့သည့် လူသားချင်း စာနာထောက်ထားသည့် အကူအညီတန်ချိန် ၁၄၀ ကို ဝေငှခဲ့ကြောင်း စပိန်အင်ဂျင်နီယာတပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး အာရွက်လက်စ်က ပြောကြားသည်။ ၎င်းသည် စပိန်တပ်ဖွဲ့ဝင်များကို ကြီးကြပ်ကွပ်ကဲရသူဖြစ်သည်။

ခံစားနေရဆဲ

လွန်ခဲ့သည့် နှစ်နှစ်အတွင်း ကဘူးမြို့သည် သိသိသာသာ တိုးတက်မှုများ ရှိခဲ့သော်လည်း ဆင်းရဲမွဲတေကာ စစ်ဘေးစစ်ဒဏ် ခံစားနေရဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုလ ငြိမ်းချမ်းရေး မစ်ရှင်အဖွဲ့သို့ မက္ကဆီကို တပ်ဖွဲ့ဝင်များကို စေလွှတ်မည် မဟုတ်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၂

မက္ကဆီကိုနိုင်ငံမှ တပ်ဖွဲ့ဝင်များအား ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု မစ်ရှင်အဖွဲ့ဝင်များအဖြစ် စေလွှတ်ခြင်းပြုတော့မည် မဟုတ်ကြောင်း မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီး လူဝစ္စဒါဘက်ဇ်က ကြာသပတေးနေ့တွင် ပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရသည်။

မက္ကဆီကိုနိုင်ငံက လူသားချင်းစာနာထောက်ထားရေး အကူအညီပေးရေး လုပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအား ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများသို့ စေလွှတ်မည်မဟုတ်ကြောင်း ဒါဘက်ဇ်အား ကိုးကား၍ အဆိုပါသတင်းများက ဖော်ပြသည်။

တွေ့ဆုံဆွေးနွေး

မက္ကဆီကို အစိုးရသည် မက္ကဆီကိုနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် တင်ပြသည့် ပြဿနာကို ဆွေးနွေးနေကြောင်း ဒါဘက်ဇ်က ပြောကြားသည်။ ကုလသမဂ္ဂ အကြီးအကဲ ကိုဖီအာနန်သည် မက္ကဆီကိုနိုင်ငံသို့ အင်္ဂါနေ့က ရောက်ရှိပြီး မက္ကဆီကိုသမ္မတ ဗင်းဆင့်ဖောက်စ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ ပါရာဂွေး၊ ဥရုဂွေးနှင့် ဗဟိုအမေရိကနိုင်ငံများသည် မစ်ရှင်အဖွဲ့ စေလွှတ်ရာတွင် ပါဝင်သည့် နိုင်ငံများဖြစ်ပြီး မက္ကဆီကိုနိုင်ငံသည် နိုင်ငံတကာက တိုက်တွန်းနှိုးဆော်မှုအား တုံ့ပြန်မှု မရှိသည့် နိုင်ငံအချို့မှ နိုင်ငံတစ်နိုင်ငံဖြစ်နေသည်ဟု ကိုဖီအာနန်က ပြောကြားကြောင်း ဒါဘက်ဇ်က ပြောကြားသည်။

ငြိမ်းချမ်းရေးထိန်းသိမ်းရေး မစ်ရှင်အဖွဲ့များအဖြစ် စေလွှတ်ရန် တောင်းဆိုသည့် နိုင်ငံဦးရေသည် စံချိန်တင်သည့် အနေအထားသို့ ရောက်ရှိနေကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟီလာမြို့အနီး တိုက်ခိုက်ခံရ၍ ပိုလန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဝါဆော စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ ဟီလာမြို့ အရှေ့မြောက်ဘက်တွင် ကင်းလှည့်နေသော ပိုလန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ရေး သမားများက တနင်္ဂနွေနေ့တွင် တိုက်ခိုက်ခဲ့ရာ ပိုလန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း ပိုလန်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဟီလာမြို့မှ လေးမိုင်ခန့်အကွာ နေရာတွင် မိုင်းဗုံးရှင်းလင်းသည့် လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသော တပ်ဖွဲ့ဝင်များနှင့်အတူ တိုက်ကင်းအဖွဲ့ အခြေစိုက်စခန်းသို့ ပြန်လာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တနင်္ဂနွေနေ့ ဒေသစံတော်ချိန် ညနေ ၄နာရီခွဲတွင် ပိုလန်တပ်ဖွဲ့ဝင်များအား စက်သေနတ်များ၊ ဗုံးများ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း ၎င်းက ပြောကြားသည်။ ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်များကို ကာဘာလာမြို့ရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး စိုးရိမ်ရခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့၏ တစ်စိတ်တစ်ဒေသအဖြစ် ပိုလန်တပ်ဖွဲ့ဝင် ၂၅၀၀ ခန့် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ပိုလန်နိုင်ငံသည် တပ်ဖွဲ့ဝင်အင်အား ၈၀၀၀ ရှိ နိုင်ငံစုံတပ်ဖွဲ့တစ်ဖွဲ့ကို စစ်ဦးစီးကွပ်ကဲလျက်ရှိသည်။

နောက်ဆုံးဖြစ်ပွားသော တိုက်ခိုက်မှုအပါအဝင် တိုက်ခိုက်မှုများကြောင့် အီရတ်တွင် ပိုလန်တပ်ဖွဲ့ဝင်များ သေဆုံးရမှုမှာ အရပ်သားလေးဦး အပါအဝင် ၁၇ဦးအထိ ရှိသွားပြီဖြစ်သည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့ ဟိုင်ဖာလမ်းမတွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်း၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသည့် အီရတ်ကလေးငယ်တစ်ဦးကို ဖခင်ဖြစ်သူက စက်တင်ဘာ ၁၂ ရက်တွင် ဆေးရုံသို့ ပွေ့ချီလာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဓားစာခံများအရေး အလွန်အမင်း စိုးရိမ်ကြောင်း ကိုဖီအာနန် ပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခံနေရသည့် အရပ်သားများအားလုံး၏ အခြေအနေနှင့် ပတ်သက်၍ မိမိ အလွန်အမင်း စိုးရိမ်မကင်းဖြစ်မိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်ပြီး ၎င်းတို့အား ခြွင်းချက်မထားဘဲ ချက်ချင်းပြန်လွှတ်ပေးရန် ၎င်းက ထပ်မံ တောင်းဆိုလိုက်သည်။

— ဝမ်းနည်းဖွယ်ကောင်း —

ပြင်သစ်သတင်းစာဆရာနှစ်ဦး၊ အီတလီနိုင်ငံသူ အကူအညီပေးရေး ဝန်ထမ်းနှစ်ဦးနှင့် အီရတ်နိုင်ငံသား လုပ်ဖော်ကိုင်ဖက်တို့ ပြန်ပေးဆွဲခံရမှုသည် အီရတ်နိုင်ငံ၌ အပြစ်မဲ့ အရပ်သားများအပေါ် ကျူးလွန်သည့် ဝမ်းနည်းဖွယ်ကောင်းသော လုပ်ရပ်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူမှ တစ်ဆင့် ထုတ်ပြန်သည့် ကိုဖီအာနန်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

— ပြန်ပေးဆွဲခဲ့ —

လက်နက်ကိုင် အမျိုးသားများက အီတလီနိုင်ငံသူ အကူအညီပေးရေး ဝန်ထမ်းနှစ်ဦးကို ဘဂ္ဂဒက်မြို့လယ်ရှိ ၎င်းတို့၏ ရုံးခန်းများဆီမှ အင်္ဂါနေ့တွင် ဖမ်းဆီးခဲ့သည်။ ယင်းသို့ စီးနင်းတိုက်ခိုက်မှုတွင် အီရတ်နိုင်ငံသား တစ်ဦးနှင့် အီရတ်နိုင်ငံသူတစ်ဦးတို့ကိုလည်း ပြန်ပေးဆွဲခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တသုံးပတ်ကလည်း ပြင်သစ်သတင်းစာဆရာနှစ်ဦးသည် အီရတ်နိုင်ငံ တောင်ပိုင်း နာဂျက်ဖ်မြို့သို့ အသွားတွင် ပြန်ပေးဆွဲခံခဲ့ရသည်။ ၎င်းတို့မှာ ပြန်ပေးသမားများ၏ လက်ထဲတွင် ရှိနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြေးလျနှစ်ဦးနှင့် အာရှတိုက်သားနှစ်ဦး အီရတ်၌ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

ဩစတြေးလျနိုင်ငံသားနှစ်ဦးနှင့် အာရှတိုက်သားနှစ်ဦးတို့ကို အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲထားကြောင်း အီရတ်အစ္စလမ္မစ်တပ်မတော် (အိုင်အက်စ်အေ) က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်ကို ဒူဘိုင်းအခြေစိုက် အယ်လ်အာရေဗျ ရုပ်မြင်သံကြားက တနင်္လာနေ့တွင် ဖော်ပြလိုက်သည်။

ယင်းနိုင်ငံသားများအနေဖြင့် အီရတ်နိုင်ငံမှ ထွက်သွားရန်၊ ယင်းသို့ မဟုတ်ပါက ဓားစာခံများအား ကွပ်မျက်ပစ်မည်ဟု ဩစတြေးလျအစိုးရအား အိုင်အက်စ်အေက ၂၄ နာရီအချိန် ပေးထားကြောင်း ရုပ်မြင်သံကြားက ဆက်လက်ဖော်ပြသည်။

ဩစတြေးလျနိုင်ငံသားများ အီရတ်မှ ထွက်သွားရန် ၂၄ နာရီအချိန်ပေးထားကြောင်း၊ ယင်းသို့မဟုတ်ပါက ၎င်းဓားစာခံများအား နောက်ထပ်အခွင့်အရေးပေးခြင်းမရှိဘဲ သတ်ပစ်မည်ဖြစ်ကြောင်း ဩစတြေးလျအစိုးရအား အသိပေးလိုက်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အိုင်အက်စ်အေ အဖွဲ့ဝင်များက ဩစတြေးလျနှစ်ဦးနှင့် အာရှတိုက်သားနှစ်ဦးကို ဘဂ္ဂဒက်မြောက်ပိုင်း သွားရာလမ်းမကြီးပေါ်တွင် ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

ချောင်းမြောင်းတိုက်ခိုက်

ဘဂ္ဂဒက်မှ မိုဆူးလ်သွားရာ လမ်းပေါ်တွင် အိုင်အက်စ်အေအဖွဲ့ဝင်တစ်ဦးက အမေရိကန်တပ်ဖွဲ့ ပိုင်ဆိုင်သည့် အရပ်သား ကားများအား ချောင်းမြောင်းတိုက်ခိုက်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အိုင်အက်စ်အေက လုံခြုံရေးဆိုင်ရာ ကန်ထရိုက်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသူ ဩစတြေးလျနှစ်ဦးနှင့် အာရှတိုက်သား နှစ်ဦးတို့အား ဖမ်းဆီးခဲ့ကြောင်း ယင်းကြေညာချက်အရ သိရသည်။

ဩစတြေးလျနိုင်ငံသည် အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ရာတွင် ပါဝင်ခဲ့ပြီး အီရတ်နိုင်ငံတွင် ၎င်း၏တပ်ဖွဲ့ဝင် ၈၅၀ ခန့် ရှိနေသည်။

အီရတ်ရှိ ခုခံတိုက်ခိုက်ရေးသမားများက ပြည်ပတပ်ဖွဲ့ဝင်များနှင့် ကုမ္ပဏီများ အီရတ်နိုင်ငံမှ ထွက်ခွာသွားစေရန် ရည်ရွယ်၍ လွန်ခဲ့သည့် လအနည်းငယ်အတွင်း ပြန်ပေးဆွဲမှုများ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တာလ်အဖာမြို့ကို အမေရိကန်တပ်ဖွဲ့ ထိန်းချုပ်ထား ဒေသခံပြည်သူများ ရေနှင့် လျှပ်စစ်မီး ပြတ်လပ်နေ

တာလ်အဖာ စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ တာလ်အဖာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝိုင်းရံပိတ်ဆို့ထားသဖြင့် ယင်းမြို့တွင် နေထိုင်သူများမှာ ရေနှင့် လျှပ်စစ်ဓာတ်အားကဲ့သို့သော အခြေခံဝန်ဆောင်မှုလုပ်ငန်းများ မရရှိဘဲဖြစ်နေကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များသည် တာလ်အဖာမြို့ကို တနင်္ဂနွေနေ့က လုံးဝ ထိန်းချုပ်ထားလိုက်သည်။ တာလ်အဖာမြို့သည် အမေရိကန်တပ်ဖွဲ့များကို ခုခံတိုက်ခိုက်နေသော အီရတ်ရှိ မြို့ကြီးအချို့တွင် မြို့တစ်မြို့အဖြစ်ပါဝင်သည်။ အမေရိကန် တပ်ဖွဲ့ဝင်များသည် တာလ်အဖာမြို့ကို ၁၂ ရက်ကြာ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ ဒေသခံအများအပြားမှာ မြို့ကိုစွန့်ခွာ၍ ထွက်ပြေးခဲ့ကြရသည်။ အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယင်းမြို့ရှိ အဆောက်အအုံအများအပြား ပျက်စီးခဲ့ရသည်။ မြို့ကိုစွန့်ခွာ ထွက်ပြေးခဲ့ကြသူများသည် ယခုအခါတွင် မြို့တွင် ကျန်ရစ်ခဲ့သော ၎င်းတို့၏ ဆွေမျိုးသားချင်းများ ကံကြမ္မာကို သိရှိလိုခြင်းနှင့် ၎င်းတို့၏ နေအိမ်များ ဖျက်ဆီးလုယက်ခံရမှု ရှိ၊မရှိ သိရှိလိုခြင်းတို့ကြောင့် မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း မြို့အဝင်ဂိတ်တွင် စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်ခွင့် မပေးခဲ့ကြောင်း သိရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်သား အနည်းအကျဉ်းနှင့် ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူအချို့ကိုသာ မြို့တွင်းသို့ ဝင်ခွင့်ပေးခဲ့သည်။

တာလ်အဖာမြို့တွင်းတွင် ရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင် အလုံအလောက် မရှိသဖြင့် ရပ်ရွာလုံခြုံရေးအတွက် စောင့်ကြပ်မှုများမရှိဘဲ ဖြစ်နေကြောင်း၊ လုယက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ကာ့ဒ်ဒီမိုကရက်တစ်ပါတီ ဒုတိယအကြီးအကဲ ဟာဇမ်ဆာလားက ပြောကြားသည်။

တာလ်အဖာမြို့သည် တနင်္လာနေ့က ငြိမ်သက်လျက်ရှိသော်လည်း ရေနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လည်ပတ်နိုင်ခြင်း မရှိသဖြင့် ဒေသခံများ ဆင်းရဲဒုက္ခရောက်နေကြောင်း ၎င်းက ပြောကြားသည်။

မြို့တွင်းရှိ နေရာအနှံ့အပြားတွင် တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသူများ၏ ရုပ်အလောင်းများ ပျံ့နှံ့နေကြောင်း၊ သေဆုံးသူများတွင် ခုခံတိုက်ခိုက်ရေးသမားများရော၊ အရပ်သားများပါ ပါဝင်ကြောင်း တာလ်အဖာမြို့ရှိ ပါတီရုံး အဆောက်အအုံမှနေ၍ ဆာလားက သတင်းထောက်များအား တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့ အယ်-အမီရီယာခရိုင် ရဲစခန်းအနီးတွင် ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသည့် ကားတစ်စီးကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရှာဖွေစစ်ဆေးရန် ပြင်ဆင်

အီရတ်နိုင်ငံမြောက်ပိုင်း ဘာလက်မြို့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် နေအိမ်တစ်အိမ်အတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးရန် ပြင်ဆင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၂ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်တွင် ပြင်းထန်သည့် တိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဟိုင်ဖာလမ်းတွင် တနင်္ဂနွေနေ့က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများ ပြင်းထန်သည့် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ကျန်းမာရေး ဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပစ်မှတ်ထား

အမေရိကန်တင့်ကားတစ်စီး မီးလောင်နေမှုကို ကောင်းချီးဩဘာပေးနေသည့် လူအုပ်ကြီးအား အမေရိကန်ရဟတ်ယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာမှ တိုက်ခိုက်မှု အပြင်းအထန် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

မီးလောင်

ယင်းပြင်းထန်သည့် တိုက်ပွဲအတွင်း လူငါးဦး သေဆုံးပြီး ၄၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဟိုင်ဖာလမ်းပေါ်တွင် အမေရိကန် သံချပ်ကာယာဉ်တစ်စီး မီးလောင်နေသည်ကို တွေ့ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တို့ ဖွဲ့စည်းလေ့ကျင့်ခဲ့သည့် အီရတ်တပ်ဖွဲ့များက ခုခံရေးသမားများကို ပူးပေါင်းကူညီခဲ့

ဖော်လူဂျာ စက်တင်ဘာ ၁၄

အမေရိကန် မရိန်းတပ်ဖွဲ့များသည် ယခုနှစ် ဧပြီလအတွင်းက ဖော်လူဂျာမြို့ကို ထိုးစစ်ဆင်ခဲ့သောကိစ္စနှင့် ထို့နောက်ပိုင်း၌ ၎င်းမြို့မှ မရိန်းတပ်ဖွဲ့ဝင်များ ထွက်ပေးကာ အီရတ်တပ်ဖွဲ့ဝင်များအား လုံခြုံရေးတာဝန်ယူစေသည့် ကိစ္စများကို မိမိဆန့်ကျင်ခဲ့ကြောင်း အီရတ်အနောက်ပိုင်းနယ်မြေ လုံခြုံရေးကို တာဝန်ယူခဲ့ရသူ အမေရိကန်တပ်မှူးတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

ပံ့ပိုးပေးခဲ့ကြ

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့၏ လုံခြုံရေးကို ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က တာဝန်ထမ်းဆောင်ခဲ့သော အီရတ်တပ်ဖွဲ့ဝင်ဟောင်းများဖြင့် ဖွဲ့စည်းထားသည့် ဖော်လူဂျာဘရီဂိတ်ခေါ် တပ်ဖွဲ့လက်သို့ လွှဲပေးခဲ့ခြင်းဖြစ်သည်။ ထိုတပ်ဖွဲ့သည် ဖော်လူဂျာမြို့တွင်းရှိ ခုခံရေးသမားများကို နှိမ်နင်းရန် ပျက်ကွက်ခဲ့သည်။ ထို့အပြင် ခုခံရေးသမားများအတွက် ဖော်လူဂျာဘရီဂိတ်တပ်ဖွဲ့က တက်ကြွစွာ ကူညီခဲ့ကြသေးသည်။ ခုခံရေးသမားများကို လက်နက်များ၊ ယာဉ်များ၊ ဆက်သွယ်ရေးစက်များ အားလုံးကို ပံ့ပိုးပေးခဲ့ကြသေးကြောင်း မရိန်းတပ်ဖွဲ့ အရာရှိများကဆိုသည်။

ကိုယ်တိုင်ကိုယ်ကြပ်ပါဝင်

ထိုမျှသာမကသေးဘဲ အချို့သော ဖော်လူဂျာတပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့ကို ဝိုင်းထားသော မရိန်းတပ်ဖွဲ့များကို တိုက်ခိုက်ရာ၌ ကိုယ်တိုင်ကိုယ်ကြပ်ပါဝင်ခဲ့ကြသေးကြောင်း သိရသည်ဟု ပြောကြားခဲ့သည်။ ***အင်တာနက်။***

အာဆီယံခိုင်မာတောင့်တင်းရေး ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်အလေးထား

ဖနောင်းပင် စက်တင်ဘာ ၁၄

ကမ္ဘောဒီးယားသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ခိုင်မာတောင့်တင်းရေးကို အလွန်အလေးထားကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ခံယူထား

ကမ္ဘောဒီးယားအစိုးရသည် အာဆီယံအဖွဲ့ဝင်အဖြစ် တက်ကြွစွာလုပ်ရှားရေးကို ဦးစားပေးမူဝါဒအဖြစ် ခံယူထားကြောင်း ဟွန်ဆန်က ပြောကြားသည်။

စည်းဝေး

ဖနွမ်းပင်တွင် ကျင်းပသည့် အာဆီယံပါလီမန်များအဖွဲ့ (အေအိုင်ပီအို)၏ (၂၅) ကြိမ်မြောက် အစည်းအဝေးတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဒေသတွင်း အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အာဆီယံအောင်မြင်မှုများရရှိစေရန် အခြေခံအားဖြင့် အရေးပါသည့် လက္ခဏာလေးရပ်ရှိကြောင်း ၎င်းက ပြောကြားသည်။

အရေးပါ

ပထမအချက်မှာ ဒေသတွင်း စည်ပင်ဝပြောရေးအတွက် အာဆီယံ၏ ဒေသတွင်းလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ဖော်ဆောင်ပေးရန်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ အာဆီယံသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဖြစ်ရာ အသင်းဝင်နိုင်ငံများအချင်းချင်း ညီညွတ်မှုစိတ်ဓာတ်ကို တိုးမြှင့်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ လှုပ်ရှားနေကြောင်း၊ တတိယအချက်မှာ အာဆီယံခိုင်မာတောင့်တင်းမှုအတွက် လွန်ခဲ့သည့် အနှစ် ၃၀ အတွင်း အရှေ့တောင်အာရှဒေသ စီးပွားရေး တိုးတက်ရာဒေသဖြစ်လာကြောင်း၊ စတုတ္ထအချက်မှာ အာဆီယံသည် သံခင်းတမန်ခင်းနှင့် အရေးပါသည့် နိုင်ငံတကာ နယ်ပယ်အဝန်းအဝိုင်းတွင် တည်ရှိနေခြင်းပင်ဖြစ်သည်။

တိုက်တွန်း

ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာသည့် အရှေ့တောင်အာရှထူထောင်ရေးအမြင်ဖြင့် ခိုင်မာတောင့်တင်းစေရေးအတွက် ၎င်းတို့၏ စွမ်းရည်များကို စုစည်းရန် ဟွန်ဆန်က အာဆီယံအသင်းဝင်နိုင်ငံများကို တိုက်တွန်းလိုက်သည်။

အေအိုင်ပီအိုအစည်းအဝေးသို့ အာဆီယံအသင်းဝင်နိုင်ငံများနှင့် အေအိုင်ပီအို၏ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်ကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အဲယားအာရှလိုင်း မကာအို–ဗန်ကောက်ခရီးစဉ် တိုးချဲ့ပြေးဆွဲ

မကာအို စက်တင်ဘာ ၁၄

မလေးရှားနိုင်ငံမှ အဲယားအာရှလေကြောင်းလိုင်းသည် ဗန်ကောက်–မကာအိုနေ့စဉ် ခရီးစဉ်များကို ထပ်မံတိုးချဲ့လိုက်သည်။ ထိုခရီးစဉ်ကို အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ပြေးဆွဲသွားမည်ဖြစ်သည်။

ယခုတိုးချဲ့လိုက်သော ခရီးစဉ်သည် ဗန်ကောက်–မကာအို ခရီးစဉ်၏ ဒုတိယမြောက် တိုးချဲ့လိုက်သော အစီအစဉ်ဖြစ်သည်။ ပထမအစီအစဉ်ကို ဇူလိုင်လ ၁၅ရက်နေ့ကတည်းက စတင်ပြေးဆွဲနေပြီဖြစ်သည်။ ထိုအဲယားအာရှလေကြောင်းလိုင်းသည် လေယာဉ်ခသက်သာသောနှုန်းဖြင့် ပြေးဆွဲနေသောလေကြောင်းလိုင်းဖြစ်သည်။ ထိုလေကြောင်းလိုင်း၏ ခရီးစဉ်များသည် ခရီးသည်အပြည့်နီးပါးဖြင့် ပြေးဆွဲနေသည်မှာ နှစ်လမျှရှိသွားပြီဖြစ်ကြောင်း တာဆာပေါင်ဘီလီဗဒ်ကပြောကြားသည်။ ၎င်းသည် ထိုင်းရှိအဲယားအာရှဌာန၏ အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ အဲယားအာရှလိုင်းအနေဖြင့် နေ့စဉ်ပြေးဆွဲမည့် တတိယခရီးစဉ်ကို မကြာမီအချိန်တွင် ထပ်မံတိုးချဲ့စရာရှိကြောင်း အရာရှိချုပ်ကဆိုသည်။ ***အင်တာနက်။***

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်းအဝေး တရုတ်၌ကျင်းပ

ရှန်ဟိုင်း စက်တင်ဘာ ၁၄

အနောက် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ကော်မတီ၏ (၅၅) ကြိမ်မြောက် အစည်းအဝေးကို တရုတ်ပြည် ရှန်ဟိုင်းမြို့၌ တနင်္လာနေ့က စတင်ကျင်းပသည်။

ကျန်းမာရေးသည် နိုင်ငံအားလုံး၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း အစည်းအဝေးဖွင့်ပွဲတွင် တရုတ် ဒုတိယဝန်ကြီးချုပ် ဝူယီက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိအစိုးရများနှင့်ပြည်သူများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် မျက်မှောက်ကာလ၌ ကျန်းမာရေး အခြေအနေ တိုးတက်မှု အများအပြားရှိခဲ့ကြောင်း၊ သို့ရာတွင် ပြည်သူများ၏ ကျန်းမာရေး ဆိုးဆိုးရွားရွား ထိခိုက်နစ်နာစေသည့်ပြဿနာများကို မဖြေရှင်းနိုင်သေးကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာအသစ်များပေါ်ထွက်နေဆဲဖြစ်ပြီး နိုင်ငံတကာ အသိုက်အဝန်းကို စိန်ခေါ်နေကြောင်း ဝူက ပြောကြားသည်။

ကူးစက်ရောဂါသစ်များ ပျံ့နှံ့မှုက ပြည်သူ့ကျန်းမာရေးကဏ္ဍ စွမ်းဆောင်မှု တိုးတက်လာမှုရှိရန် လိုအပ်ကြောင်းကို ပြသနေပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသာ အစိုးရများနှင့် အဖွဲ့အစည်းများက ပြည်သူ့ကျန်းမာရေးနယ်ပယ်၌ အရေးပေါ်ကိစ္စများကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်ပြည်သည် လူဦးရေထူထပ်သည့် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့် ပြည်သူတို့၏ လူနေမှုတိုးတက်ကောင်းမွန်ရေးအတွက် အားကုန်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ တရုတ်အစိုးရသည် ပြုပြင်ပြောင်းလဲမှုနှင့် ကျန်းမာရေးကဏ္ဍ တိုးတက်ရေးအတွက် အားကြိုးမာန်တက် တွန်းအားပေးဆောင်ရွက်နေပြီး ဒဗလျူအိပ်ချ်အိုနှင့်ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေကြောင်း ဝူက ပြောကြားသည်။

ငါးရက်ကြာကျင်းပသည့် အစည်းအဝေးတွင် ဒဗလျူအိပ်ချ်အိုနှင့် အနောက် ပစိဖိတ်ဒေသရှိ နိုင်ငံနှင့် ဒေသ ၃၆ခု တို့မှ ကိုယ်စားလှယ်များသည် အရေးပါသည့် ကျန်းမာရေးကိစ္စများကို ဆွေးနွေးကြမည် ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နှင့် အာဆီယံ ဆက်ဆံရေးတိုးတက်လာ

ဖနောင်းပင် စက်တင်ဘာ ၁၄

တရုတ်ပြည်သည် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတို့၌ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်ပီစီ)နိုင်ငံခြားရေးရာကော်မတီဒုတိယဥက္ကဋ္ဌ ဝမ်ယီဖန်က အာဆီယံပါလီမန်များအဖွဲ့ (အေအိုင်ပီအို) ၂၅ ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

တရုတ်ပြည်သည် အာဆီယံ၏ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိတ်ဖက်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်ပြည် အင်ပီစီသည် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်း၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စည်ပင်ဝပြောရေးအတွက် အကျိုးပြုနိုင်စေရန် အေအိုင်ပီအိုနှင့် အဖွဲ့ဝင်ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ဝမ်ကပြောကြားသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်ပြည်နှင့် အာဆီယံတို့အကြား ဆက်ဆံမှုသည် တိုးတက်လာကြောင်း ၎င်းက ပြောကြားသည်။ အိမ်နီးချင်းကောင်း ဆက်ဆံရေးနှင့် အပြန်အလှန် ယုံကြည်မှုတို့သည် ခိုင်မာနေကြောင်းနှင့် တရုတ်နှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နှင့် အာဆီယံတို့၏ ကုန်သွယ်ရေးပမာဏသည် ၂၀၀၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၈၅ ဘီလီယံရှိသည်။ တရုတ်ပြည်သည် အာဆီယံ၏ စတုတ္ထမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အာဆီယံသည်လည်း တရုတ်ပြည်၏ ပဉ္စမအကြီးဆုံး ကုန်သွယ်ဖက်အဖွဲ့အစည်းဖြစ်သည်။

ယခုနှစ် ပထမနှစ်ဝက်တွင် နှစ်ဖက်ကုန်သွယ်ရေးပမာဏသည် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၈ ဘီလီယံ ရှိရာ လွန်ခဲ့သည့် အလားတူကာလကထက် ၃၉ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် မြစ်ရေမျှဝေသုံးစွဲရေး ဆွေးနွေးဆဲ

နယူးဒေလီ စက်တင်ဘာ ၁၄

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့မှ အာဏာပိုင်များသည် နှစ်နိုင်ငံဆက်စပ်နေသော တီစတာမြစ်နှင့် မြစ်ခြောက်သွယ်တို့မှ ရေကို မျှဝေသုံးစွဲနိုင်ရေးအတွက် ဒါကာမြို့တွင် ဆွေးနွေးလျက်ရှိသည်။ ထိုကိစ္စကို နှစ်ဖက်အတွင်းဝန်များ အဆင့်ဖြင့် ဖွဲ့စည်းထားသောပူးတွဲကော်မတီက ဆွေးနွေးကြသည်မှာ သတ္တမအကြိမ် ရှိပြီဖြစ်သည်။

ယခု ဆွေးနွေးပွဲမှာ လေးရက်ကြာမြင့်မည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် ပူးတွဲ ပညာရှင်အဖွဲ့၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကိစ္စကို အကျယ်တဝင့် ဆွေးနွေးကြဖွယ်ရှိပြီး သဘောတူညီမှုများမရရှိမီ ကြားကာလအတွင်း ရေကို မျှဝေသုံးစွဲနိုင်ရေးအတွက် ယာယီကြားကာလမျှဝေသုံးစွဲရေးကိစ္စတစ်ရပ်ကိုလည်း လက်ခံ အတည်ပြုနိုင်ရေး စဉ်းစားကြဖွယ်ရာရှိသည်ဟုဆိုသည်။

ဇန်နဝါရီက ဆွေးနွေးခဲ့ကြသော အစည်းအဝေးတွင် ရေနည်းပါးချိန်ကာလ၌ နှစ်နိုင်ငံတို့၏ လိုအပ်ချက်များကို သိပ္ပံနည်းကျ ပူးတွဲအကဲဖြတ်စိစစ်လေ့လာရေး ကိစ္စများဆိုင်ရာ မူဘောင်များကို ချမှတ်ခဲ့ကြကြောင်း သိရသည်။ ထိုစဉ်က အရှေ့ဖျားဒေသမြစ်များ လေ့လာရေးကော်မရှင်ကို အမ်၊အင်၊ဂိုရာလ်က ဦးဆောင်ခဲ့သည်။ အထက်ပါ သတင်းအချက်အလက်များကို ပီတီအိုင် သတင်းဌာနက ဂိုရာလ်ကို ကိုးကား၍ ဖော်ပြခြင်းဖြစ်သည်။

သဘောတူညီ

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နှစ်ဖက်စလုံးက မြစ်ရေနည်းပါးချိန်ကာလကို အောက်တိုဘာမှ ဧပြီလအကြား ကာလများအဖြစ် သဘောတူညီထားကြသည်။ ထို့ပြင် တိုင်းတာတွက်ချက်မှုများကို ပြုလုပ်ရာ၌ အိန္ဒိယဘက်မှ ဂါဇာလ်ဒိုဘာဆည်မှ အတိုင်းအတာကိုလည်း ကောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ဒိုအာနီဆည်ကိုလည်းကောင်း အတိုင်းအတာများရယူရာစံများအဖြစ် လက်ခံထားကြပြီးဖြစ်ကြောင်း ဂိုရာလ်က ပြောကြားသည်။ ဂါဇာလ်ဒိုဘာဆည်သည် နယ်စပ်မှမိုင် ၉၀ အကွာ အိန္ဒိယဘက်ခြမ်းတွင် တည်ရှိပြီး ဒိုအာနီဆည်သည် ဘင်္ဂလားဘက်ခြမ်း မြစ်အောက်ပိုင်းတွင် တည်ရှိသည်။

တီစတာမြစ်သည် ဟိမဝန္တာတောင်တန်း ဆစ်ကင်းဒေသတွင် မြစ်ဖျားခံပြီး အိန္ဒိယနိုင်ငံ အနောက်ဘက် ဘင်္ဂလားဒေသနှင့် ဘင်္ဂလားဒေ့ရှ်ကိုဖြတ်ကာ စီးဆင်းပြီးနောက် ဗြဟ္မပုတ္တရမြစ်အတွင်း စီးဝင်သည်။ ထိုမြစ်၏ ၈၃ရာခိုင်နှုန်းသော မြစ်ရေရရှိရာ အရင်းအမြစ်ဒေသသည် အိန္ဒိယနိုင်ငံအတွင်း၌ တည်ရှိပြီး ကျန်ရာခိုင်နှုန်း အချိုးအစားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း၌ တည်ရှိသည်ဟုဆိုသည်။

အခြားသောမြစ်ခြောက်သွယ်မှာ ဒါလာမြစ်၊ဒါကူမာမြစ်၊ခေါင်ဝါအီမြစ်၊ မိုနူမြစ်၊ ဂွမ်တူ မြစ်နှင့် မူဟူရီမြစ်တို့ဖြစ်သည်။ ***အမ်အင်အေ၊ ပီတီအိုင်။***



အောက်တိုဘာ ၁ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၅၅)နှစ်မြောက် အမျိုးသားနေ့ ကျရောက်မည်ဖြစ်ရာ ပေကျင်းမြို့လယ် တိနိအန်မင်ရင်ပြင်တွင် ရောမပန်းစည်းကြီးပုံသဏ္ဌာန်အဆောက်အအုံကို စက်တင်ဘာ ၁၃ ရက်က အလုပ်သမားများ တည်ဆောက်ကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၆၁)

ပေါက်စ

ပြောစရာတွေ ဖြစ်ဖြစ်လာတော့လည်း **ဆိုရေးရှိက ဆိုအပ်စွ** ဆိုတဲ့ စကားအရ ပေါက်စ ပြောဆိုလာရတာပါခင်ဗျာ။

အဖြစ်ကတော့ ဒီလိုပါခင်ဗျ။ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ ညရနာရီ၁၅မိနစ်အချိန်မှာ ဘီဘီစီအသံလွှင့်ဌာနက မြန်မာ့အရေး၊ ကမ္ဘာ့အရေးကဏ္ဍမှ တင်ပြချက် ခေါင်းစဉ်တပ်ပြီး မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူဟူသော ပုဂ္ဂိုလ်ကြီး လယ်ရီယေဂင်နဲ့ မြန်မာနိုင်ငံရေးသမားကြီး အမည်ခံ ဦးဝင်းနိုင်တို့ကို ဖျူးပြန်သဗျ။

အဲသလို ဖျူးတာတွေကို အနှစ်ချုပ်လိုက်ရင် ညစ်စုတ်မွဲတေတဲ့ သဘောထားဟာ အတိုင်းသား မြင်လာရသဗျ။ ဘာလို့လဲဆိုတော့ ပေါက်စတို့ရဲ့ နိုင်ငံခေါင်းဆောင်တွေ တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်နဲ့ စုပေါင်းခေါင်းဆောင်ပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေကို ကြိုးပမ်းအကောင်အထည်ဖော်နေတာနဲ့ ပတ်သက်လို့ အရှက်တရား၊ သိက္ခာတရား လားလားမျှ မရှိဘဲ အတို့အထောင် ဖျူးစကားတွေနဲ့ သပ်လျှိုတာတို့၊ အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်းအတွက် တောရမ်းမယ်ဖွဲ့ ငိုကာချဲ့ကြတာတို့၊ မြန်မာနိုင်ငံမှာ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုတွေဟာ ဘာဆိုဘာမျှ တိုးတက်ကောင်းမွန်တာ မရှိဘူးတို့၊ ဒီနှစ်မှာ ပြည်သူတွေ စီးပွားရေး ပိုကျပ်တည်းလာတယ်တို့ အဲသလိုတွေ ဖျူးခန်းမှာ အရူးအနှမ်းတွေနဲ့မခြား လုပ်ကြံလီဆယ်ပုတ်ခတ်ခဲ့ကြသဗျ။

အခုလိုမျိုး လုပ်ကြံလီဆယ် ပုတ်ခတ်တာတွေနဲ့ ပတ်သက်ပြီး ပေါက်စ သဘောထားကို မပြောခင် မနေ့တစ်နေ့က အင်တာနက်ပေါ်မှာ အမှတ်မထင် တွေ့လိုက်ရတဲ့ ချက်ကိုစလိုဗက်နိုင်ငံသား သတင်းထောက်တစ်ဦးရဲ့ မြန်မာပြည် အတွေ့အကြုံဆောင်းပါးကို ရည်ညွှန်းကိုးကားပါရစေခင်ဗျာ။ အဲဒီ သတင်းထောက်ရဲ့ အမည်က **"မက်မီလန်ဝဲလ်လာ"**ဖြစ်ပြီး သူနဲ့အတူပါလာတဲ့ ဓာတ်ပုံသမားက **"ဗာကဲနိုဗက်"**လို့ ခေါ်ပါသတဲ့ခင်ဗျာ။ သူတို့နှစ်ဦးဟာ မြန်မာနိုင်ငံကို ၂၀၀၄ ခုနှစ် မေလထဲမှာရောက်လာပြီး နိုင်ငံအတွင်း ရက်သတ္တနှစ်ပတ်ကြာ လည်ပတ်လေ့လာခဲ့တယ်လို့ သိရပါတယ်ခင်ဗျာ။

အဲသလို လည်ပတ်လေ့လာ တွေ့ကြုံရတာတွေကို သတင်းဆောင်းပါး ရေးခဲ့ရာမှာ ဟောသလိုပါပဲခင်ဗျာ။ **မက်မီလန်ဝဲလ်လာ**က **သူ့အနေနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မကောင်းသတင်းတွေပဲ ဖတ်ရှုနေရတော့ သူငယ်စဉ်က ချက်နိုင်ငံလို အခြေအနေမျိုး နှိုင်းယှဉ်တဲ့ သဘောထားနဲ့ မြန်မာနိုင်ငံကို ကိုယ်တိုင်သွားရောက်လေ့လာဖို့ စိတ်ဝင်စားခဲ့ကြောင်း၊ မြန်မာနိုင်ငံကို တကယ်တမ်း ရောက်သွားတဲ့အခါမှာ အထင်နဲ့အမြင် အလွန်ကွာခြားနေတာ တွေ့ရကြောင်း၊ သတင်းစာတွေထဲမှာ မြန်မာနိုင်ငံအကြောင်း ရေးထားတာက မြန်မာနိုင်ငံဟာ သွားဖို့လာဖို့ခက်မယ်၊ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးပြီး သူတောင်းစားတွေများမယ်၊ စစ်သားတွေ နေရာတိုင်း ရှိတယ်လို့ ရေးကြတာ အခု အဲဒါတွေ မမှန်ကန်တဲ့အကြောင်း၊ ရန်ကုန်၊ မန္တလေး၊ ပုဂံနဲ့ အင်းလေးကန်တွေကို သွားလည်တဲ့အခါမှာ သူတို့ကို ဘယ်သူကမျှ နောက်ယောင်ခံလိုက်တာမရှိသလို ဓာတ်ပုံတွေ ရိုက်တော့လည်း လွတ်လွတ်လပ်လပ် ရိုက်ခွင့်ရပြီး ဘာပြဿနာမျှ မရှိကြောင်း** ရေးထားပါသဗျ။

ရှိသေးသဗျ။ ချက်သတင်းထောက် မက်မီလန်ဝဲလ်လာက ဘယ်လို ဆက်ရေးထားပြန်သလဲဆိုတော့ **မြန်မာလူမျိုးတွေနဲ့ စကားပြောရာမှာ မြန်မာတွေရဲ့ ပွင့်လင်းမှုနဲ့ လွတ်လပ်စွာ ပြောဆိုနိုင်မှုဟာ သူ့ကို အံ့သြစေခဲ့ပြီး ဖိနှိပ်ချုပ်ချယ်မှု မရှိကြောင်း၊ မြန်မာနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံ ဆိုပေမယ့် သူထင်သလောက် မဆင်းရဲကြောင်း၊ သူရောက်ခဲ့ဖူးတဲ့ နိုင်ငံတွေထဲက ဆင်းရဲတဲ့နိုင်ငံတွေမှာ နိုင်ငံခြားသားကို သူတောင်းစားတွေ ပတ်လည်ဝိုင်းပြီး ပိုက်ဆံတောင်းတာမျိုး တွေ့ခဲ့ပေမယ့် မြန်မာနိုင်ငံမှာ အဲဒါမျိုး မတွေ့ခဲ့ရကြောင်း၊ မြန်မာလူမျိုးတွေဟာ ရိုးရာအဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်တာများပြီး လူတိုင်း စားဝတ်နေရေး အခက်အခဲမရှိကြတာကို တွေ့ခဲ့ရကြောင်း၊ မြန်မာတွေဟာ အင်္ဂလိပ်စကားကို သာမန်လူတွေတောင် ပြောဆိုနိုင်တဲ့အတွက် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေဝင်ပြီး မြန်မာတွေနဲ့ စကားပြောဖြစ်ခဲ့ကြောင်း၊ ဂြိုဟ်တုလိုင်း တီဗွီကို စားသောက်ဆိုင်မှာ ကြည့်ခဲ့ရတဲ့အတွက် ဂြိုဟ်တုလိုင်းတွေ မြန်မာနိုင်ငံမှာ ကန့်သတ်ထားမှာပဲလို့ သူထင်ခဲ့တာ လက်တွေ့မှာ အိမ်တွေ၊ စားသောက်ဆိုင်တွေ၊ တည်းခိုခန်းတွေတိုင်း ဂြိုဟ်တုလိုင်းကို လွတ်လပ်စွာ ဖမ်းယူကြည့်ရှုနိုင်တာ တွေ့ရကြောင်း၊ လက်ရှိနယကအစိုးရကို ဝေဖန်ပုတ်ခတ်ပြစ်တင်ပြောကြားနေတဲ့ ဘီဘီစီ အပါအဝင် နိုင်ငံခြားသတင်းဌာနတွေက ထုတ်လွှင့်တဲ့လိုင်းတွေ မြန်မာနိုင်ငံမှာ ဖမ်းယူကြည့်ရှုခွင့်ပြုထားတာဟာ သူ့ကို တအံ့တသြဖြစ်စေကြောင်း** လို့ ရေးထားပါတယ်ခင်ဗျာ။

အဲ...အဲ ကျန်နေသေးသဗျ။ ချက်သတင်းထောက် မက်မီလန်ဝဲလ်လာက သူ့ရဲ့ဓာတ်ပုံသမား ဗာကဲနိုဗက်ကို **မြန်မာနိုင်ငံရဲ့ သတင်းတွေဟာ ပြည်ပက ရေးတာတွေနဲ့ တကယ့်ဖြစ်ရပ်တွေ ဘာလို့ကွာခြားနေရတာလဲလို့ မေးလိုက်တော့ မစ္စတာနိုဗက်က ကမ္ဘာ့သတင်းဌာနတွေဟာ မြန်မာနိုင်ငံရဲ့ မကောင်းတဲ့ သတင်းများ ရရှိရေးကို အဓိကထားကြတဲ့အပြင် အဲဒီသတင်းမှားတွေကလည်း နိုင်ငံခြားသားများ မသွားနိုင်တဲ့ နေရာဒေသတွေမှာ အမြဲတမ်းစတင်နေတဲ့အတွက် သတင်းဌာနတွေကလည်း သတင်းမှန်လား၊ မှားလား မစိစစ်နိုင်တော့ဘဲ သတင်းအဖြစ် ဖော်ပြခဲ့တာဖြစ်တယ်**လို့ ဖြေကြားခဲ့ကြောင်း ရေးထားသဗျ။

ဘယ်လိုလဲခင်ဗျာ။ အခု ပေါက်စ ကောက်နုတ်ဖော်ပြထားတာတွေဟာ မူလဆောင်းပါးရှင် ချက်သတင်းထောက် မက်မီလန်ဝဲလ်လာရဲ့ အာဘော်အစစ်၊ အနှစ်ချုပ်ပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဘယ်သောကာလကမျှ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို အကောင်းမမြင်၊ အကောင်းမတွေး၊ အကောင်းမရေးခဲ့ကြတဲ့ အနောက်အုပ်စုနိုင်ငံအချို့ရဲ့ အသံလွှင့်ဌာနတွေ၊ စာနယ်ဇင်းတွေရဲ့ လုပ်ကြံဝါဒဖြန့်တဲ့ မုသာဝါဒအပုပ်နံ့တွေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားတွေကို လွတ်လပ်တဲ့ သတင်းသမားစစ်စစ်ရဲ့ အမြင်၊ အတွေး၊ အရေးအသားတွေရဲ့ သင်းပျံ့တဲ့ ဆင်းရနံ့ဟာ ဘယ့်ကလောက် ကွာခြားနေသလဲခင်ဗျာ။

အခုလည်း ကြည့်ပါဦးဗျာ။ မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူဟူသော မအူမလည် ပုဂ္ဂိုလ်အကောင်းစားကြီး လယ်ရီယေဂင်နဲ့ မြန်မာ့နိုင်ငံရေးသမားကြီး အမည်ခံ ဦးဝင်းနိုင်ဆိုသူတို့က မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုတွေဟာ ဘာဆိုဘာမျှ မတိုးတက်တဲ့အပြင် ဒီနှစ်ထဲမှာ စီးပွားရေး ပိုပြီး ကျပ်တည်းလာတယ်လို့ ပြောနေဆိုနေတာကတော့ ပေါက်စ မတောက်တခေါက် လေ့လာခဲ့ဖူးတဲ့ စိတ်ပညာ ဘုတ်အုပ်တွေရဲ့ အလိုအရပြောရရင် သူတစ်ပါးကို မဟုတ်မမှန် လုပ်ကြံလိမ်ညာနေတဲ့သူဟာ လိမ်ရင်းလိမ်ရင်းနဲ့ ကာလကြာလာတာနဲ့အမျှ သူလိမ်နေတာတွေကိုပဲ သူကိုယ်တိုင်က အမှန်တကယ်တွေ ဖြစ်တယ်လို့ ယုံကြည်သွားတဲ့စိတ်ရောဂါမျိုး ဖြစ်တတ်တယ်တဲ့ဗျာ။ တစ်နည်းပြောရင်လည်း သူ့ကိုယ်သူပြန်ပြီး လိမ်နေတယ်ဆိုတာ မသိတဲ့အထိ စိတ်မမှန်တော့တဲ့ ရောဂါတစ်မျိုးပေါ့ဗျာ။ အဲ...ဗုဒ္ဓတရားတော်ရဲ့ အလိုအရကတော့ **စေတနံ ကမ္မံဘိက္ခဝေ** ဆိုတဲ့ ပါဠိတော်နဲ့အညီ စေတနာနဲ့တူညီတဲ့ အကျိုးပေးမှု၊ သက်ရောက်မှု ကံတရားပေါ့ဗျာ။

ရှင်းရှင်းလေးခင်ဗျ။ ပေါက်စတို့နိုင်ငံရဲ့အနာဂတ်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်တည်ပေါ်ထွန်းလာရေးအတွက် ချမှတ်ထားတဲ့ အမျိုးသားရေးမူဝါဒတွေ၊ ဦးတည်ချက်တွေနဲ့နိုင်ငံတော်က ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ မြန်မာပြည်သူတွေဟာ နိုင်ငံတော်ရဲ့ ဦးဆောင်မှုကိုခံယူပြီး နိုင်ငံတည်ဆောက်ရေးတာဝန်တွေ ကျေပွန်စွာထမ်းဆောင်နေကြလို့ နိုင်ငံရေးမျက်နှာစာမှာ အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်တဲ့အထိ အောင်မြင်မှုရနေသလို စီးပွားရေးမျက်နှာစာမှာလည်း အင်အားကြီးနိုင်ငံအချို့က တစ်ပါတီ၊ ပုဂ္ဂိုလ်တစ်ဦးအတွက် စီးပွားရေးလက်နက်နဲ့ ဖိအားပေး အကျပ်ကိုင်နေပေမယ့် မြန်မာပြည်သူတစ်ဦးတစ်ယောက်မျှ ထမင်းငတ်ပြီးသေတာ မရှိပါဘူးခင်ဗျာ။ အိုးမဲ့အိမ်မဲ့ဘဝနဲ့ လမ်းဘေးမှာအိပ်ရင်း ရာသီဥတုဒဏ်ကြောင့် သေတာမျိုးလည်းမရှိပါဘူးခင်ဗျ။ ပညာရေးနဲ့ ယဉ်ကျေးမှုမျက်နှာစာတွေမှာ ဘယ်လောက်တိုးတက်တယ်ဆိုတာ ပေါက်စ ပြောရလွန်းလို့ အပ်ကြောင်းမထပ်လိုတော့ဘူးဗျ။

ရိုးရိုးလေး ပြောပါ့မယ်ခင်ဗျ။ ပေါက်စတို့ မြန်မာနိုင်ငံအနေနဲ့ မျှော်မှန်းထားသလောက် စီးပွားရေးအခြေခံတွေ တည်ဆောက်နိုင်ခဲ့ပေမယ့် အင်အားကြီးနိုင်ငံအချို့ရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေ အကြောင်းပြပြီး ပုဂ္ဂိုလ်တစ်ဦး၊ ပါတီတစ်ခုအတွက် စီးပွားရေးလက်နက်နဲ့ ဖိအားပေး ပိတ်ဆို့နေလို့ စီးပွားရေးတိုးတက်မှု နှောင့်နှေးခဲ့တာ အမှန်ပဲခင်ဗျ။

အဲသလိုပဲ အနောက်အုပ်စုအင်အားကြီးနိုင်ငံအချို့မှာကော စီးပွားရေးကျဆင်းတာတွေ၊ ဆင်းရဲချမ်းသာ ကွာဟမှု ပိုပြီးနက်ရှိုင်းကျယ်ပြန့် လာတာတွေ မရှိဘူးလားဗျာ။ အဲ...ခြားနားမှုတော့ ရှိသပေါ့ဗျာ။ ပေါက်စတို့ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု နှေးကွေးတာက အင်အားကြီးနိုင်ငံအချို့ရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်အပေါ် ကျူးကျော်စွက်ဖက် ဗိုလ်ကျအနိုင်ကျင့် နှောင့်ယှက်တဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် ဖြစ်တယ်ဗျာ။ အဲ...အင်အားကြီးနိုင်ငံအချို့ရဲ့ စီးပွားရေးကျဆင်းမှုနဲ့ ဆင်းရဲချမ်းသာကွာဟမှု နက်ရှိုင်းကျယ်ပြန့်လာတာတွေကတော့ သူတစ်ပါးနိုင်ငံအပေါ် စစ်ရေးအရ ကျူးကျော်စွက်ဖက်တဲ့ အကျိုးဆက်အဖြစ် စစ်စရိတ်တွေ မတန်တဆ ကုန်ကျလာတဲ့အပြင် သူတစ်ပါးနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အကျပ်ကိုင်ခဲ့တဲ့အတွက် နိုင်ငံတကာဈေးကွက်နဲ့ စီးပွားရေးဆက်ဆံမှုတွေ ကျဉ်းမြောင်းလာပြီး ဝင်ငွေကျဆင်းလာတာပဲဖြစ်သဗျ။ ပြောကြစတမ်းဆိုရင် စီးပွားရေးကျဆင်းတာချင်းအတူတူ ဘယ်သူသိက္ခာရှိသလဲဗျာ။

ထိုနည်းလည်းကောင်းပါပဲ။ ပေါက်စတို့ နိုင်ငံအနေနဲ့ ဆင်းရဲချမ်းသာ ကွာဟမှုရှိသပေါ့ဗျာ။ အဲ...မတူခြားနားတာကတော့ ရိုးရိုးသားသား လုပ်ကိုင်ရှာဖွေစားသောက်နေထိုင်ကြတဲ့ ဆင်းရဲသား နွမ်းပါးသူတွေအနေနဲ့ ထမင်းနပ်မှန်အောင် စားနေရသလို နေရေးထိုင်ရေးလည်း သူ့အထိုက်အလျောက် လုံလောက်ပြည့်စုံမှု ရှိပါတယ်ခင်ဗျ။ ပြောစရာရှိတာကတော့ နိုင်ငံရေးပါတီအချို့ရဲ့ ပါတီခေါင်းဆောင်ဆိုသူများနဲ့ ပါတီဝင်အချို့ရဲ့ ဆင်းရဲချမ်းသာ ကွာခြားမှုကတော့ နက်ရှိုင်းကျယ်ပြန့်နေသလားလို့ ပေါက်စ ခံစားမိသဗျ။

ဘာလို့လဲဆိုတော့ ပါတီအချို့ရဲ့ ခေါင်းဆောင်အချို့အနေနဲ့ ပင်စင်စား ရိက္ခာရ ပုဂ္ဂိုလ်ကြီးတွေဖြစ်ပြီး ခိုင်မာတဲ့ စီးပွားရေး လုပ်ငန်းကိုင်ငန်းကြီးတွေ ရှိကြသလို အချို့သော ပါတီခေါင်းဆောင်ဆိုသူများကတော့ ပြည်ပနိုင်ငံအချို့ရဲ့ သူတို့အကျိုးစီးပွားအတွက် မျှော်မှန်းချက်နဲ့ သွယ်ဝိုက်ထောက်ပံ့တာတွေ၊ တိတ်တခိုး ထောက်ပံ့တာတွေ ရနေကြတော့ စားဝတ်နေရေး၊ ကျန်းမာရေး အပါအဝင် အစစခပ်သိမ်း ပြည့်စုံပြီး ကျန်းမာပကတိ ချမ်းသာစွာရှိနေကြသဗျ။

သို့သော်လည်းပေါ့လေ အချို့အချို့သော ပါတီဝင်များအနေနဲ့ မိုးလင်းက မိုးချုပ်အထိ ပါတီရုံးရှေ့မှာ ထိုင်ကြတာတို့၊ ဘုရားပေါ်တန်းစီပြီး တက်ကြတာတို့၊ ပန်းခြံထဲ သွားတာတို့၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဒီမိုကရေစီ အကြောင်းကျားတရားဟော လေပစ်တာတို့၊ စာရွက်ဖြန့်ဝေတာတို့ အဲသဟာမျိုးတွေလုပ်ရင်းနဲ့ လက်ကြောမတင်းဘဲ ဘာအလုပ်မျှ မလုပ်တဲ့ ဒီမိုကရေစီ ပုတ်သင်ညိုတွေဘဝနဲ့ အချိန်ကုန်နေကြတော့ ဖိနပ်ပါးပြီး ထီးဖြူ လူရာမဝင်တဲ့ ပြဿနာဟာ နိုင်ငံတော်နဲ့ လုံးဝလုံးဝ မဆိုင်ပါဘူးခင်ဗျာ။ အဲသလိုမျိုး ဆင်းရဲချမ်းသာ ကွာဟမှုကတော့ ဆိုင်ရာဆိုင်ရာ ပါတီခေါင်းဆောင်များနဲ့ ပါတီဝင်များရဲ့ ဘယ်သူမပြု မိမိမှုပဲ ဖြစ်ပါတယ်ခင်ဗျား။ မိသားစုအကျိုးအတွက် စီးပွားရေးကိုမှ ဇောက်ချမလုပ်ဘဲ တစ်နေ့လည်း ယောင်ဝါးဝါး၊ တစ်နေ့လည်း ယောင်ဝါးဝါး လုပ်နေတဲ့သူတွေ ဘယ်မှာလာပြီး အလိုအလျောက် ချမ်းသာလာမှာလဲခင်ဗျာ။

ကဲ...ပေါက်စ စကားကို အနားသတ်ပါတော့မယ်ခင်ဗျာ။ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့ ညရနာရီ၁၅မိနစ်မှာ ဘီဘီစီက ထုတ်လွှင့်သွားတဲ့ မြန်မာ့ အရေး၊ ကမ္ဘာ့အရေးကဏ္ဍ တင်ပြချက်ဆိုတဲ့ ဖျူးခန်းဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ယဉ်ကျေးမှုတွေကို ပကတိ အရှိတရားအရ မကြည့်မမြင်ဘဲ ဆင်ခြင်တုံတရား ခေါင်းပါးဆွံ့အစွာ လုပ်ကြံလီဆယ်ပုတ်ခတ်တာ ဖြစ်တဲ့အတွက် **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ**လို့ ပေါက်စက ထောက်ပြပြီး စလောင်းမတပ်ဘဲ မောင်းခတ်ကြေညာလိုက်ပါတယ်ခင်ဗျား။ ။

ဘာလို့လဲဆိုတော့ ပါတီအချို့ရဲ့ ခေါင်းဆောင်အချို့အနေနဲ့ ပင်စင်စား ရိက္ခာရ ပုဂ္ဂိုလ်ကြီးတွေဖြစ်ပြီး ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းကိုင်ငန်းကြီးတွေ ရှိကြသလို အချို့သော ပါတီခေါင်းဆောင်ဆိုသူများကတော့ ပြည်ပနိုင်ငံအချို့ရဲ့ သူတို့အကျိုးစီးပွားအတွက် မျှော်မှန်းချက်နဲ့ သွယ်ဝိုက်ထောက်ပံ့တာတွေ၊ တိတ်တခိုး ထောက်ပံ့တာတွေရနေကြတော့ စားဝတ်နေရေး၊ ကျန်းမာရေး အပါအဝင် အစစခပ်သိမ်းပြည့်စုံပြီး ကျန်းမာပကတိ ချမ်းသာစွာ ရှိနေကြသဗျ။

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာတိုက်ကျောင်းကြီး မိုးကုတ်ရိပ်သာကြီးတွင် မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း တရားဟော ဓမ္မကထိက ဆရာတော် ဦးကေဝလ(ဗုဒ္ဓဝါဒီကျောင်းတိုက် ဇရာဝဏ်လမ်း၊ ၁၀/မြောက်၊ သာကေတ) အရှင်သူမြတ်နှင့် ဓမ္မကထိက ဦးဝါသေဋ္ဌ (ရွှေကြက်ယက်ကျောင်း မင်္ဂလာဒုံ) အရှင်သူမြတ်တို့က တော်သလင်းလဆန်း ၁၂ ရက်မှစ၍ တော်သလင်းလပြည့်ကျော် ၃ ရက်ထိ တရားတော်များ ဟောကြားပြသမည် ဖြစ်သည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -ပညာရေးဆိုင်ရာမင်္ဂလာများ (အရှေ့တိုင်းပညာအထူးပြု-ပထမနှစ်)
၅:၃၅	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မဆုတ်မနစ်" (အပိုင်း-၁၁)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေရောင်လွှမ်းသည့်ရွှေလမ်းဆီသို့" အပိုင်း(၂) (သရုပ်ဆောင်-လူမင်း၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ) [ဒါရိုက်တာ-တင်သန်းဦး]**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ(၂၀၀၄)

ယောနက ဘိုးထောင်

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ရောက်ရှိခဲ့သည်မှာ သရေခေတ္တရာပျူခေတ်ကပင် စတင်ခဲ့သည်။ တူးဖော်တွေ့ရှိရသော ပျူအက္ခရာရေးရွှေပေချပ်များက သက်သေသာဓကထူလျက်ရှိသည်။ မြန်မာ့သမိုင်းမတင်မီ ကပင် ဗုဒ္ဓသာသနာ ရောက်ရှိနေသည်ဟု ဆိုနိုင်ပါသည်။ သာသနာနှစ် ၁၅၈၈၊ မြန်မာသက္ကရာဇ် ၄၀၆ခု၊ ခရစ် ၁၀၄၄ခုနှစ်တွင် ပုဂံပြည်တွင် အနော်ရထာမင်း နန်းတက်ခဲ့သည်။ (အနော်ရထာမင်းနန်းတက်သော သက္ကရာဇ်ကို မဟာရာဇဝင်ကြီး၌ ၃၆၄ ဟုဆို၍ မှန်နန်းရာဇဝင်၌ ၃၇၉ခု ဆိုသည်။ ထိုသက္ကရာဇ်များမှာ သမိုင်းပညာရှင်တို့၏ အဆိုဖြစ်ပါသည်။) ပုဂံပြည့်ရှင် အနော်ရထာမင်း နန်းတက်ပြီး ကိုးနှစ်အကြာတွင် ရှင်အရဟံ မထေရ်မြတ် ပုဂံသို့ ကြွလာသည်။

"အနော်ရထာထံ၊ ရှင်အရဟံ၊ ခန့်ပျံ့ကျလာဝဲ"ဟု ကဝိလက္ခဏာသတ်ပုံကျမ်းက ညွှန်းဆိုထားပါသည်။ ရှင်အရဟံ၏ ညွှန်ပြချက်အရ မြန်မာသက္ကရာဇ် ၄၁၉ခုနှစ်တွင် သထုံမှ ပိဋကတ်တော်များ ပုဂံမြို့သို့ ရောက်လာသည်။ ရှင်အရဟံ ရောက်လာချိန်မှစ၍ ရေတွက်လျှင် မြန်မာနိုင်ငံသာသနာတော်သက်တမ်းသည် နှစ်ပေါင်း ၁၀၀၀ ကျော်ခဲ့လေပြီ။

ရှင်အရဟံ၏ အဆုံးအမ၊ အနော်ရထာမင်းမြတ်၏ ဦးဆောင်မှုနှင့်အညီ မြတ်ဗုဒ္ဓအဆုံးအမကို အလေးအနက်ထား၍ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ မင်းနှင့်ပြည်သူတို့ ထက်သန်သော သဒ္ဓါတရားဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့ရာ ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာထွန်းလင်းခဲ့သည်။ ပုဂံ၌ ပရိယတ္တိသာသနာ ထွန်းလင်းကြီးပမ်းခဲ့ပုံကို သာသနဝံသ၊ ပဒိပိကာ စသော သာသနာသမိုင်းများတွင် မှတ်တမ်းတင်ထားသည်။

ပရိယတ္တိသာသနာ ထွန်းကားခဲ့သောကြောင့် ထေရဝါဒဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံ၌ အရင်းအမြစ်ခိုင်ခိုင်မာမာ ဖြစ်ထွန်းခဲ့သည်။ ပုဂံပြည်သူ၊ ပြည်သားတို့သည် လေးနက်သော သဒ္ဓါတရားဖြင့် ဘုရား၊ ဂူ၊ ကျောင်း၊ ပိဋကတ်တိုက်၊ တရားအိမ်၊ စကြံ၊ တံတိုင်း၊ ရေတွင်း၊ ရေကန်စသည်တို့ကို လှူဒါန်းခဲ့ကြောင်း ကျောက်စာများတွင် ဖတ်ရှုနိုင်သည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာမြောက်သောစေတီ၊ပုထိုး၊ဆင်းတုရုပ်ပွားများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ သာသနာတော်ကို ယုံကြည်သော သဒ္ဓါတရားကြောင့် အနုပညာလက်ရာများ ပို၍လက်ရာမြောက်လာသည်ဟု ဆိုရသော် ပို၍ပြည့်စုံပါမည်။

ပုဂံခေတ်မှစ၍ ထွန်းကားခဲ့သော ဗုဒ္ဓသာသနာသည် ခေတ်အဆက်ဆက်စည်ပင်ဝေဆာခဲ့သည်။ နိုင်ငံတော်မျက်နှာဟူ၍ ကင်ပွန်းတပ်ခဲ့သော မြတ်ဘုရားရွှေတိဂုံသည် မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး ခဝပ်ညွှန်းဖော် ပျော်စံရာဖြစ်သည်။ မြန်မာပြည်အရပ်ရပ်တွင် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်တို့သည် မွန်မြတ်သော နှလုံးအလှကို ဖော်ကျူးပြသနေကြသည်။ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု အသိအမှတ်ပြုထားသော ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာသွင်း၍ ရတနာပုံခေတ် မန္တလေးတွင် ရေးထိုးခဲ့သည်။ ရတနာပုံခေတ် မင်းတုန်းမင်း လက်ထက်တွင် ပဉ္စမသင်္ဂါယနာတင်နိုင်ခဲ့သည်။ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင်လည်း ဆဋ္ဌသင်္ဂါယနာ တင်ခဲ့သည်။ ကမ္ဘာ့စံချိန် စာအုပ်တွင် မြန်မာပြည်မှ ပိဋကတ်သုံးပုံအာဂုံပြန်ဆိုနိုင်သော ရဟန်း သံဃာတော်များကို "ကွန်ပျူတာလူသား"ဟု ဂုဏ်ပြုပူဇော် ခဲ့ကြသည်။ ယနေ့အထိ ပိဋကတ် သုံးပုံအာဂုံဆောင်ရဟန်း အာဇာနည်အရှင်သူမြတ်(၁၁)ပါးအထိပင် ပေါ်ထွန်းခဲ့သည်။ မြန်မာ့ရွှေမြေဝယ် ဗုဒ္ဓသာသနာတော်သည် နေလိုလလို ထွန်းလင်းခဲ့သည်။

သာသနာတော်၏ မူလပရိယတ္တိစာပေလေ့လာမှုတွင် မြန်မာနိုင်ငံကဲ့သို့ အပြည့်အစုံလေ့လာသင်ကြားနိုင်သော တိုင်းပြည်နိုင်ငံမရှိဟုပင် ယူဆမိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ပင်မရေစီးမြစ်ဖျားသဖွယ် ဖြစ်နေသည်။ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး ၂၀၀၄ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည့်သတင်းကို သတင်းစာများတွင် ဖတ်ရှုလိုက်ရ၍ ဝမ်းမြောက်ဂုဏ်ယူသာခုခေါ်မိသည်။

ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးကို ၁၉၉၈ ခုနှစ်တွင် ဂျပန်နိုင်ငံဗုဒ္ဓဘာသာအဖွဲ့က ဦးဆောင်၍ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်ဂိုဏ်းပေါင်းစုံညီညွတ်ရေး၊ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေး၊ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ထွန်းရေးနှင့် ဗုဒ္ဓဘာသာဝင်နိုင်ငံများ ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၀ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က "မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ထေရဝါဒဗုဒ္ဓဘာသာ၏ ရေခံမြေခံကောင်းဖြစ်နေသဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် ပန်ကြားခဲ့သည်။ ထိုပန်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် သဘောတူညီခဲ့သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို နိုင်ငံတကာ ညီလာခံကြီးများအဆင့်နှင့်အညီ ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ၁၀-၆-၂၀၀၃ရက်နေ့တွင် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို . . .

၁။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ထွန်းကားစေရန်။

၂။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာ အချင်းချင်း ထိန်းသိမ်း စောင့်ရှောက်ရန်။

၃။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကားပြန့်ပွားစေရန်။

၄။ ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီး ဖြစ်ထွန်းအကျိုးပြုရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန်နှင့်

၅။ ဗုဒ္ဓ၏တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန် . . .ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည် ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထေရဝါဒဆိုသည်မှာ မြတ်စွာဘုရားဟောတော်မူခဲ့သည့် တရားဓမ္မအတိုင်း ပြင်ဆင်ဖြည့်စွက်ခြင်းမရှိ၊ နုတ်ပယ်ခြင်းမရှိမူရင်းအတိုင်း၊ အရှိအရှိအတိုင်း တိကျစွာ ဆက်လက်ထိန်းသိမ်းထားသော တရားတော်များကို ထေရဝါဒဟု ခေါ်ပါသည်။

မဟာပဒါနသုတ် ဘာသာပြန်တွင် "ချစ်သားတို့ အစ၊ အလယ်၊ အဆုံးသုံးရပ်လုံး၏ ကောင်းခြင်းဂုဏ်ရည်နှင့် ပြည့်ဝကုန်သော အမှန်တရားကို ဟောကြ၊ ပြောကြ၊ ရေးသားကြ ကုန်လော့။ ပညာမျက်စိ ကြည်လင်ပဝင်းနေသော သူကောင်းသွေးဇာတ်တို့သည် တည်ရှိနေကြကုန်၏။ သူတို့သည် ဓမ္မစစ်ကို မနာရ၊ မကြားရ၊ မဖတ်ရှုရလေသောကြောင့်သာလျှင် မှုမှန် အသိတရားမှ တိမ်းယိမ်းသွေဖည်ပြီး အကျိုးနည်းနေကြ ရကုန်သည်။ အကယ်၍ သဘာဝကျသောတရားမှန်ကိုသာ နာကြားဖတ်ရှုကြရပါလျှင် အသိဉာဏ်ထက်ပြီး အမှန်ကိုကြည့်မြင်နိုင်စွမ်းသည့် မွန်ရည်လူသားတို့ ထွန်းကားပေါ်ထွက်၍ လာကုန်လိမ့်မည်"ဟူ၍ မှတ်သားနာယူခဲ့ရသည်။

ဘုရားဟောကြားသော တရားတော်များကို မာဂဓီခေါ် ပါဠိဘာသာဖြင့် ရေးသားထားသည်။ ဤခေတ်တွင် မြန်မာနိုင်ငံ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့တွင် ဆက်လက်ထွန်းကားနေသည်။ မြန်မာနိုင်ငံ၏ အနေအထားကိုကြည့်လျှင် ရဟန်းရှင်လူ ပြည်သူတို့သည် ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းကို ကြိုးပမ်းအားထုတ်မှုမှာ ယနေ့တိုင်အောင် ပွင့်လန်းလျက်ရှိသည်။ ပိဋကတ်စာပေ သင်ကြားပို့ချနေသော စာသင်တိုက်ကြီးများ၊ ဓမ္မာစရိယ တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ကျင့်ကြံအားထုတ်တရားလုပ်ဆောင် အေးရိပ်စခန်းများက မြန်မာ့သာသနာအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ ရွှေစေတီပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ဇရပ်၊တန်ဆောင်းများကလည်း မြန်မာတို့၏ သီလဒါနကုသိုလ်ထူးကို ဖော်ကျူးလျက်ရှိသည်။ ကြည့်ရှုလေ့လာပွားများအားထုတ်သူတို့၏ နှလုံးသားတွင် သဒ္ဓါတရားများ တိုးပွားစည်ပင် ကြည်ညိုလျက်ရှိနေကြသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် တစ်ခေတ်တစ်ခါက အနောက်သို့လားသော် ဂန္ဓာရတိုင်း(ခေါ်)ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ခိုတန်(ခေါ်)တာကစ္စတန် နှင့် ယောနကလောက(ခေါ်)သော တူရကီ၊ ဂရိအထိ ပျံ့နှံ့ထွန်းကားခဲ့သည်။ ဂင်္ဂါမြစ်မှ ဖော်လဂါမြစ် သို့တိုင်အောင် သာသနာရောင်ဝါ ထွန်းကားခဲ့ပေသည်။ မြောက်သို့လားသော် စစ်ကင်း၊ ဘူတန်၊ တိဗက်၊ မွန်ဂိုလျ၊ ရုရှား အထိပျံ့နှံ့ခဲ့၍ ယခုတိုင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ အရှေ့သို့လားသော် အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန်တို့အထိပျံ့နှံ့ခဲ့သည်။

ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားတည်ရှိခဲ့ပုံကို ပြန်လည်မှန်းဆကြည့်နိုင်သည်။ ဗုဒ္ဓတရားဓမ္မများကို မူရင်းမပျက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မြန်မာနိုင်ငံသည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မကြာမီကျင်းပနိုင်တော့မည် ဖြစ်သည်။

ယခုအခါ အနောက်နိုင်ငံများတွင် ထေရဝါဒဗုဒ္ဓဘာသာကို အထူးစိတ်ဝင်စားကာ လေ့လာလျက်ရှိနေသည်ကို တွေ့ရသည်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု။ ■

ပါကစ္စတန်နိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ဟော်ကီပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ကျင်းပသော ပါကစ္စတန်နိုင်ငံ ဟော်ကီအဖွဲ့ချုပ်မှ အားကစားဝန်ကြီးဌာနသို့ ဟော်ကီ အားကစား အသုံးအဆောင် ပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ လှူဒါန်းသည့် ပစ္စည်းများကိုလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်နိုင် (ပြည်ပရေးရာ တာဝန်ခံ)နှင့် ဦးကျော်ကျော်လှိုင်၊ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူး မြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ကြီး အောင်ကြည်ဝင်း၊ တွဲဖက် အတွင်းရေးမှူး (၂) ဦးမြင့်နိုင်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Muhammed Nawaz Chaudhry က ဟော်ကီအားကစား အသုံးအဆောင် ပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီးထံ ပါကစ္စတန်နိုင်ငံ ဟော်ကီအဖွဲ့ချုပ်က လှူဒါန်းသည့် ဟော်ကီ အားကစား အသုံးအဆောင် ပစ္စည်းများကို ပေးအပ်သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ခုနှစ်၊စက်တင်ဘာလ (၁၄)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၁၀၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါကုအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ် အူလမ်းကြောင်းနှင့် အသည်းရောဂါကုအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် အသင်းသားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် အထက(၅) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်တေဇာ ချမ်းမင်းအား ကျောင်းအုပ် ဆရာမကြီးဒေါ်မြသီ ဆုချီးမြှင့်စဉ်။

(က-ပ)

လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူနိုင်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ သမိုင်းဝင်ကျိုက်ကလဲ့စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်တွင် ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တဓမ္မသာ(တောတိုက်ဓမ္မရိပ်သာ ပဓာနနာယကဆရာတော်)က ငွေကျပ် ၁၂၀၀၀၀၊ ဗိုလ်မှူးကြီးဝင်းသန်း-ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း)မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးကြီးမျိုးဝင်း-ဒေါ်တင်တင်မိသားစုက ငွေကျပ်လေးသိန်း၊ ဦးမင်းလွင်-ဆရာမဒေါ်မို့မို့အောင်(မနောမယ)မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးအောင်နိုင်-ဒေါ်တင်ကြည်(ကြံတိုင်းအောင်) မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်မြ-ဒေါ်ခင်ရွှေ (ရွှေနှင့်မြ-အထည်ချုပ်) မင်္ဂလာဒုံက ငွေကျပ်ငါးသောင်းနှင့် အလှူရှင် ၅၀ တို့က လှူဒါန်းငွေကျပ် ကိုးသိန်းခုနစ်သောင်းကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကျိုက်ကလဲ့စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းလိုပါက ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၁၂၀၀၀၊ ကိုးလက်မပတ်လည်ကြေးပြား ရွှေချပြီးတစ်ချပ်လျှင် ငွေကျပ် ၅၂၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၆၃၆၀၂၀နှင့် ဥက္ကဋ္ဌ ဖုန်း-၆၃၅၀၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ **ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖေဖြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ခွဲစိတ်ခန်း၊ လူနာဆောင်၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆေးရုံအတွက်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖေဖြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖေဖြို့ အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဖေဖြို့ ပြည်သူ့ဆေးရုံတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဖေဖြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရောက်ရှိကြရာ ကျောင်းသား၊ ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ "မြန်မာ့ကျောင်း" သီချင်းကို သီဆိုကြပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်အားပေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်နှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏတို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဖေဖြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းရှိ Computer Aided Instruction Room၊ Computer Skills Room၊ Language Lab၊ Learning Centre၊ ဘုရားခန်းနှင့် အိမ်တွင်းမှု ပန်းချီခန်းတို့ကို လှည့်လည်၍ ပညာရည်မြင့်မားရေး အထောက်အကူပြု ကိရိယာများ အသုံးပြုကာ ကျောင်းသား၊ ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဂီတအနုပညာခန်း၌ ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြ ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းရှိ ဗိုလ်ရုံခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဖေဖြို့နယ်၏ ပညာရေး၊ ကျန်းမာရေး ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများအား မေးမြန်းပြီး လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ဖေဖြို့၏ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ကြည့်ရှုလေ့လာပြီး လိုအပ်သည်များ ဆောင်ရွက်ပေးရန် မိမိတို့ ရောက်ရှိ

ငွေပဒေသာပင်စိုက်ထူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဖေဖြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရေး ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။
(သတင်းစဉ်)

ဗလာစာအုပ်ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်း ဖေဖြို့နယ် အခြေခံပညာအထက်တန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀ ကို မြို့နယ်ပညာရေးမှူး ဦးဘသိန်းအား ပေးအပ်စဉ်။
(သတင်းစဉ်)

လာခြင်းဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံ၏ လိုအပ်ချက်များကို မိမိဝင်ရောက်ကြည့်ရှု ဖြည့်ဆည်းပေးခဲ့ပြီး ဖြစ်ကြောင်း။

ယခုလည်း ထပ်မံ၍ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ပညာရေးလုပ်ငန်းများအတွက် အတတ်နိုင်ဆုံး ညှိနှိုင်းဖြည့်ဆည်းပေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအသီးသီး ဖွံ့ဖြိုးရေးမှာ အပြန်အလှန် ဆက်စပ်နေသဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးအောင် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသများအပါအဝင် နယ်မြေအားလုံး ဖွံ့ဖြိုးတိုးတက်မှုသာလျှင် နိုင်ငံတော်ကြီးသည်လည်း ရာနှုန်းပြည့် ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ယင်းခံယူချက်ဖြင့် ငဖဲဒေသ ဖွံ့ဖြိုးရေးကို မိမိတို့ ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ငဖဲဒေသမှ ပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအရ တောင့်တင်းလာရေး၊ နယ်မြေလုံခြုံအေးချမ်းရေးတို့အတွက် နိုင်ငံတော်၏ ဦးဆောင်မှုကိုခံယူ၍ ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း၊ ထို့မှတစ်ဆင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ခေတ်မီနိုင်ငံတော် ဖြစ်ပေါ်ရေး စသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော မျှော်မှန်းချက်များကို ကျရာအခန်းကဏ္ဍမှ တာဝန်ကျေစွာ အကောင်အထည်ဖော်နိုင်အောင် တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုကို ချစ်မြတ်နိုးသောစိတ်တို့ဖြင့် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းက ငဖဲမြို့နယ် အခြေခံပညာ ကျောင်းများအတွက် ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၅၀၀ ကို မြို့နယ်ပညာရေးမှူး ဦးဘသိန်းသို့ ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ငဖဲမြို့ မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများကို မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ညွှန့်ဝေထံ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးတို့က ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေး ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကွေးတိုင်း ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကွေးတိုင်း ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး၊ ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ငဖဲမြို့သို့ ရဟတ်ယာဉ်ဖြင့် အသွားတွင် ငဖဲမြို့အနီး တည်ဆောက်ထားသည့် မန်းရေလှောင်တမံ၏ ရေဝင်မှုအခြေအနေ၊ ရေလှောင်တမံ၏ ရေသောက်ဧရိယာ အတွင်း လယ်မြေများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုအခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း ပဥ္စမဆယ်စုနှစ်(အပိုင်း-၂)
- ၈:၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၀ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်မဟာဂီတ (အခြေခံပညာ ၁၀-၁၅ နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၅:၅၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၆:၀၅ ၉။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ လူချွန်လူကောင်း (အပိုင်း-၁၁)**
- ၇:၄၀ ၁၄။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်း "ရွှေရောင်လွှမ်းသည့် ရွှေလမ်းဆီသို့" (အပိုင်း-၂) (လူမင်း၊ ခန့်စည်သူ၊ ရဝေအောင်၊ မြင့်မြင့်ခိုင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ၊ နဝရတ်၊ ပွင့်နဒီမောင်၊ ရတနာခင်) [ဒါရိုက်တာ-တင်သန်းဦး]**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျင်းပမည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့" အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သီလရှင်လေးများ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေး ကော်မတီနာယက၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများ၊ သီလရှင်လေးများ ဘိုးဘွားရိပ်သာ ဂေဟာမှူး Mother Clare နှင့် အဖွဲ့ဝင်များ၊ အဘိုးအဘွားများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငွေပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ သီလရှင်လေးများ ဘိုးဘွားရိပ်သာမှ ဂေဟာမှူး Mother Clare က လက်ခံသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် ငွေပဒေသာပင် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာသီလရှင်လေးများဘိုးဘွားရိပ်သာမှ ဂေဟာမှူး Mother Clareက လက်ခံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းက အလှူရှင်များ လှူဒါန်းထားသော ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ စာရင်းကိုင်စစ္စတာ မာရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေး ကော်မတီဝင်များသည် ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကြသည်။

(သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ✱ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
- ✱ သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ✱ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- ✱ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- ✱ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

စစ်ကိုင်းကျောက်တော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် စက်တင်ဘာ ၁၅

စစ်ကိုင်းမြို့ သောတာပန်ရပ်လေးကျွန်းမာရ်အောင် မြတ်စွာဘုရား စစ်ကိုင်းကျောက်တော်ကြီး (၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၁၈ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်ရာ သီတဂူဆရာတော်ကြီး၊ ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်နှင့် သီတဂူအရှင် ပညာနန္ဒအရှင်သူမြတ်တို့က ညစဉ် တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ယင်းပွဲတော်ကြီး၌ ဆီပီသာ တစ်သောင်းခုနစ်ထောင်ခန့် စုပေါင်းလှူဒါန်းသော သောတာပန် ဆီအလှူတော်နှင့် ဓမ္မဒူတရောင်ခြည် ဓမ္မာရုံ ရေစက်ချပွဲ၊ သံဃာတော်အပါး ၅၅၀နှင့် သီလရှင်အပါး၃၀၀တို့အား စာရေးတံမဲ နှင့် ဆွမ်းကြီးလောင်းလှူပွဲတို့ကိုပါကျင်းပမည်ဖြစ်သည်။(က-ပ)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ နမ့်စန်-ဆိုက်ခေါင် ရထားလမ်းပိုင်းသစ် ဖောက်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဆိုက်ခေါင်-ပွန်ချောင်းလမ်းပိုင်း ကြည့်ရှုစစ်ဆေး

နိုဝင်ဘာလမတိုင်မီ ထီရိ-ပွန်ချောင်းလမ်းပိုင်း ထပ်မံဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေ

ရန်ကုန်   စက်တင်ဘာ   ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် စက်တင်ဘာ ၁၁ရက် ညနေပိုင်းတွင် ဆိုက်ခေါင်- နမ့်စန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ဆိုက်ခေါင်-ပွန်ချောင်းလမ်းပိုင်းရှိ ထမ်ဆိုင်းစခန်းသို့ရောက်ရှိရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေးက ဆိုက်ခေါင်-နမ့်စန်ရထားလမ်းဖောက်လုပ်ရေး ဆောင်ရွက်မှုအခြေအနေများကို ပုံစံငယ်ဖြင့်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ချိန်းအမှတ် (၆၀-၁၈၀)တွင် မြေသားလုပ်ငန်းအတွက် ကျောက်မိုင်းခွဲခြင်း ဆောင်ရွက်မှုကို ကြည့်ရှုပြီး ဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာဖြင့် လုပ်ငန်းတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် ဆိုက်ခေါင်-နမ့်စန်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေးက ဆိုက်ခေါင်-ပွန်ချောင်းလမ်းပိုင်းနှင့် ပွန်ချောင်း-နမ့်စန်လမ်းပိုင်းများအလိုက် မြေသားလုပ်ငန်းဆောင်ရွက်မှု၊ လမ်းခင်းကျောက် စုဆောင်းမှု၊ ဇလီဖားတုံးနှင့် သံလမ်းရရှိ ခင်းကျင်းမှု၊ တံတားများ တည်ဆောက်မှု၊ ယန္တရားများ အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိုက်ခေါင်-ပွန်ချောင်းလမ်းပိုင်း ချိန်းအမှတ်(၇၄-၁၀၀) ရှိ တံတားအမှတ် ၈၀(က)ကို လည်းကောင်း၊ ချိန်းအမှတ်(၆၅-၉၈၀)တွင် မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ချိန်းအမှတ်(၆၃-၂၆၀)တွင် နယ်မြေခံ တပ်မတော်သားများဖြင့် ကျောက်ဖြည့်ခြင်း၊ သံလမ်းခင်းခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသော တပ်မတော်သားများနှင့် လုပ်သားများအား စားဖွယ်ရာများ ဂုဏ်ပြုပေးအပ်သည်။

ဆိုက်ခေါင်-နမ့်စန်ရထားလမ်းပိုင်း အနက် ဆိုက်ခေါင်-ထီရိလမ်းပိုင်းနှင့် ကောင်ဆိုင်း-နမ့်စန် လမ်းပိုင်းတို့မှာ ဖွင့်လှစ်ပြီးဖြစ်ရာ ၂၉ ဒသမ ၂မိုင်အရှည် ထီရိ-ပွန်ချောင်းလမ်းပိုင်းနှင့် ၂၇ဒသမ ၅မိုင်အရှည် ပွန်ချောင်း-ကောင်ဆိုင်း လမ်းပိုင်းသာ ကျန်ရှိပြီး ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေ လွယ်ကူစေရေးအတွက် နိုဝင်ဘာလမတိုင်မီ ထီရိ-ပွန်ချောင်းလမ်းပိုင်းကို ထပ်မံဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

✪ ကျောဖုံးမှ

မြစိမ်းရောင်စပါးသည် ခေတ်မီ အဆင့်မြင့်နည်းပညာသုံးထားသော အခြေခံစပါးမျိုးကောင်းဖြစ်ပြီး စပ်စပါးမျိုး(Hybrid)နှင့် ဗီဇပြုပြင်မျိုး (GM) မဟုတ်ဘဲ အထွက်ကောင်းမျိုး (HVV) ထွက်လာသောမျိုးကို ထပ်မံအထွက်တိုး စိုက်ပျိုး၍ရသော မျိုးဖြစ်ကြောင်း သိရသည်။ လက်ရှိ စိုက်ပျိုးနေသည့် လုံးသွယ်မွှေး၊ အင်းမ ရဲဘော်မျိုးတို့နှင့် ခပ်ဆင်ဆင်ဖြစ်ကာ တစ်ဧကလျှင် ၁၆၄တင်းအထိထွက်ရှိနိုင်ပြီး ကမ္ဘာ့ဈေးကွက် အဆင့်မီကြောင်းသိရသည်။

စမ်းသပ်စိုက်ပျိုး

မြစိမ်းရောင် စပါးကို ပဲခူးတိုင်း(အနောက်ပိုင်း)နယ်မြေအတွင်းရှိ သာယာဝတီမြို့နယ်၌ ၁၅ဧက၊ လက်ပံတန်းမြို့နယ်၌ ၁၃ဧက၊ ကြို့ပင်ကောက်မြို့နယ်၌ တစ်ဧက၊ ဇီးကုန်းမြို့နယ်၌ သုံးဧကနှင့် ပေါင်းတည်မြို့နယ်၌ ၁၅ဧက စုစုပေါင်း ၄၇ဧက စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မင်းလှမြို့သို့ ဆက်လက်သွားရောက်ပြီး မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုသော တိုင်းကြီးခြောက်တိုင်းတွင် တစ်တိုင်းပါဝင်သည့်အပြင် စိုက်ပျိုးမွေးမြူရေးအတွက် ဧရိယာကျယ်ဝန်းမှုရှိ၍ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ၁၉၈၈ခုနှစ်နောက်ပိုင်း၌ ဆည်မြောင်းတာတမံပေါင်း ၁၆၂ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၆၅ခုကို တည်ဆောက်ပေးခဲ့ကြောင်း၊ ပဲခူးတိုင်းအတွင်း၌လည်း ဆည်ပေါင်း ၄၀ဖွင့်လှစ်ပြီးဖြစ်ရာ မိုးစပါးသာမက နွေစပါးစိုက်ပျိုးရေးကိုပါ အထောက်ကူပြုလျက်ရှိကြောင်း၊ ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း မိုးစပါးဧက သိန်း၃၀ စိုက်ပျိုးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးစပါးဧက ၂၆သိန်းစိုက်ပျိုးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း(အရှေ့ပိုင်း)တွင် မိုးစပါးဧက ၁၆သိန်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တွင် မိုးစပါး ဧက ၁၀သိန်းဖြင့် မိုးစပါးဧကတစ်သိန်းစီတိုး၍ ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံတောင်သူများအနေဖြင့်လည်း တတ်နိုင်သမျှ စိုက်ဧက တိုးချဲ့၍ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း ပံ့ပိုးကူညီဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများအနေဖြင့်လည်း အောက်ခြေအထိ ကွင်းဆင်းပံ့ပိုး ဆောင်ရွက်ရန်လိုကြောင်း၊ မိုးစပါးကို တတ်နိုင်သမျှ စောစောစိုက် စောစော ရိတ်သိမ်းပြီး နွေစပါးအပါအဝင် အခြားသီးနှံ ၁၀မျိုး စိုက်ပျိုးခြင်းဖြင့် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေ တိုးတက်ပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း။

ထို့အပြင် ပဲခူးတိုင်းသည် လမ်းပန်း ဆက်သွယ်ရေးကောင်းပြီး ကုန်ထုတ်လမ်းကြောင်း လွယ်ကူချောမွေ့မှုရှိသဖြင့် ဒေသ ကြက်၊ ဘဲနှင့် ငါးမွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍကို တိုးချဲ့မွေးမြူရန် လိုအပ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်စိုက်ပျိုး

မင်းလှမြို့နယ်၌ ၂၀၀၄-၂၀၀၅ခုနှစ်တွင် မိုးစပါး ၇၅၆၈၄ဧက စိုက်ပျိုးရန်လျာထားသည့်အနက် ၇၃၁၈၅ ဧက စိုက်ပျိုးပြီးစီးကာ ကျန်ရေကျ နောက်ကျစပါးများ ဆက်လက်စိုက်ပျိုးလျက်ရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန်   စက်တင်ဘာ   ၁၅

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲအခမ်းအနားကို မွန်းလွဲ၁နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ စာရေးဆရာဦးမျိုးသန့်(မောင်ဆုရှင်)က "သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် နိုင်ငံတကာစံနှုန်းများ"စာတမ်းကိုလည်းကောင်း၊ စာရေးဆရာဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က "မြန်မာ့လူနေမှုစနစ်နှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး"စာတမ်းကိုလည်းကောင်း၊ စာရေးဆရာ ဒေါက်တာတင်ထွန်းဦးက "သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးပြဿနာအဖြာဖြာ" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။ စာတမ်းဖတ်ပွဲအခမ်းအနားသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ဝိဇ္ဇာတမင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ခေမာစာရ၏ (၅၉)နှစ်မြောက် ဝိဇ္ဇာတမင်္ဂလာကို ယင်းကျောင်းတိုက်၌ တော်သလင်းလဆန်း၄ရက်၊ (စက်တင်ဘာ ၁၇ရက်) နံနက် ၁၀နာရီတွင် ကျင်းပမည် ဖြစ်သည်။

အကြိုနေ့အဖြစ် စက်တင်ဘာ၁၆ရက် နံနက် ၆နာရီမှစ၍ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ စက်တင်ဘာ ၁၇ရက်တွင် ဆီမီးတစ်ထောင်ပူဇော်ခြင်း၊ အရုဏ်နှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းကြမည်ဖြစ်သည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၅-၉-၂၀၀၄

ကျောက်တော်	-	၁၅ ဒသမ ၇၅	လက်မ
စစ်တွေ	-	၅ ဒသမ ၃၉	လက်မ
မောင်တော	-	၅ ဒသမ ၀၄	လက်မ
ပင်လောင်း	-	၃ ဒသမ ၂၇	လက်မ
ကန့်ဘလူ	-	၂ ဒသမ ၆၈	လက်မ
မြင်းခြံ	-	၂ ဒသမ ၆၈	လက်မ
ပခုက္ကူ	-	၂ ဒသမ ၄၀	လက်မ
ကလေး	-	၁ ဒသမ ၈၅	လက်မ
မင်းဘူး	-	၁ ဒသမ ၈၁	လက်မ
မကွေး	-	၁ ဒသမ ၈၁	လက်မ

ရန်ကုန်မိုးရေချိန်

၁၅-၉-၂၀၀၄

ရန်ကုန်မြို့လယ်	-	၂ ဒသမ ၀၁	လက်မ
ကမ္ဘာအေး	-	၁ ဒသမ ၉၃	လက်မ
မင်္ဂလာဒုံ	-	၁ ဒသမ ၃၈	လက်မ

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၆) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၅

ငှက်ပျောမျှင်ဖြင့် ချည်ထည်ရက်လုပ်သည့် နည်းပညာကို မြန်မာနိုင်ငံတွင် စတင်စမ်းသပ်၊ မဲခေါင်မြစ်အထက်ပိုင်း တန်၃၀၀ သင်္ဘောများသွားနိုင်ပြီ တန် ၅၀၀အထိ သွားနိုင်အောင် ဆက်လက်စီစဉ်နေ၊ ပို့ကုန်လုပ်ငန်း အဆင့်ဆင့် ဗီဒီယိုဖြင့် ပညာပေးမည် စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

နေမင်း၏အပိုင်းအစများကို ဖမ်းယူရန် ဝေဟင်၌ သည်းထိတ်ရင်ဖိုစွန့်စားခန်းဖွင့်၊ ထီရှုးများကြောင့် ထိုင်းအစိုးရကုဋေသောင်းနှင့်ချီလျက် ပြုန်းတီးနေ၊ ကားရပ်လျှင်စက်သေသည့် အလိုအလျောက်ပိတ်နှိုးစနစ်ကားများ ဆီစားသက်သာစေရန် ရည်ရွယ်ထုတ်လုပ်ပြီ စသည့် နိုင်ငံတကာသတင်းဆောင်းပါးဝေဝေဆာဆာကို e-Empire Media House ၊ ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေပြည်သာစက်မှုမြို့အတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

စက်မှုဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်အနေဖြင့် အားပေး ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းများအောင်မြင်အောင် ကြိုးစား

☆ **လုပ်ငန်းရှင်များမှ**

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေပြည်သာ စက်မှုမြို့ အပိုင်း(၁)စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးခင်စိန်နှင့်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှုမြို့အပိုင်း(၂) (၃) (၄)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသန်းဌေးနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရွှေပြည်သာစက်မှုမြို့အတွင်းရှိ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရွှေပြည်သာစက်မှုဇုန် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်က ရွှေပြည်သာစက်မှုမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်း၊ စက်မှုမြို့အတွင်းရှိ စက်ရုံများနှင့်လုပ်ငန်း အမျိုးအစားများ ရင်းနှီးမြှုပ်နှံမှု၊ လုပ်သားအင်အား၊ လမ်းများ ဖောက်လုပ် တည်ဆောက် ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ဆက်သွယ်ရေးနှင့်ဝန်ဆောင်မှု ဇရိယာအတွင်း စီမံခန့်ခွဲ ရေးရုံး၊ လူနေတိုက်ခန်းများနှင့် ဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ ဈေးများ၊ စာသင်ကျောင်းများ၊ နေ့ကလေးထိန်းကျောင်းနှင့် အားကစားကွင်းစသည်တို့ ဆောက်လုပ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ရွှေပြည်သာစက်မှုမြို့

- ရွှေပြည်သာစက်မှုမြို့ကို အပိုင်းလေးပိုင်းဖြင့် ဖွဲ့စည်းထားရှိ။
- စုစုပေါင်းစက်ရုံ ၁၇၇ရုံ တည်ဆောက်ကာ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်း ထုတ်လုပ် ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်ပ သွင်းကုန် အစားထိုးလုပ်ငန်းများကိုလည်း ထုတ်လုပ်ဆောင်ရွက်ပေးလျက်ရှိ။
- ထို့အပြင် ရွှေပြည်သာစက်မှုမြို့၌ တည်ဆောက်ဆဲစက်ရုံ ၉၈ရုံကို ဆက်လက် တည်ဆောက်လျက်ရှိ။

ထို့နောက် ရွှေပြည်သာစက်မှုမြို့အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်စိန်နှင့် အပိုင်း(၂) (၃) (၄) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသန်းဌေးတို့က မိမိတို့နှင့် သက်ဆိုင်ရာအပိုင်းအလိုက် စက်ရုံများ၏ ကုန်ထုတ်လုပ်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူ လုပ်ငန်းရှင်များက မိမိတို့၏ စက်ရုံအလိုက် ကုန်ထုတ်လုပ်မှု အမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ရွှေပြည်သာစက်မှုမြို့ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာ၌ စက်မှု လုပ်ငန်းရှင်များအနေဖြင့် ကိုယ့်နိုင်ငံကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းကုန်အစားထိုး စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို အထူးကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ကလည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို အချိန်အခါအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း အမီလိုက်နိုင်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာအရရော စိတ်ဓာတ် ရေးရာ အပိုင်းအရပါ အားပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ ကလည်း မိမိတို့၏လုပ်ငန်းများ တိုးတက်သည်ထက်တိုးတက် အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ လုပ်ငန်းများလုပ်ဆောင်ရာတွင် တွေ့ကြုံလာသည့် မည်သည့်အခက်အခဲကိုမဆို စုစည်းညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှား ဖြတ်သန်း ကြစေလိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်အားပေး

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ရွှေပြည်သာစက်မှုမြို့ကို အပိုင်းလေးပိုင်းဖြင့် ဖွဲ့စည်းထားရှိပြီး အထည်ချုပ်လုပ်ငန်း ၂၉ရုံ၊ စားသောက်ကုန်လုပ်ငန်း ၅၅ရုံ၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း ၃၇ရုံ၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းငါးရုံ၊ သစ်တောထွက်ပစ္စည်းနှင့် သစ်အချောထည် လုပ်ငန်း ၁၉ရုံ၊ ဓာတုဗေဒပစ္စည်းလုပ်ငန်းနှစ်ရုံ၊ စက္ကူနှင့် စာရေးကိရိယာလုပ်ငန်း ခြောက်ရုံ၊ စက်နှင့်စက်ကိရိယာလုပ်ငန်းကိုးရုံ၊ ရေထွက်ပစ္စည်းနှင့် အအေးခန်း လုပ်ငန်း ၁၂ရုံနှင့် ဆောက်လုပ်ရေးပစ္စည်းလုပ်ငန်း သုံးရုံအပါအဝင် စုစုပေါင်းစက်ရုံ ၁၇၇ရုံ တည်ဆောက်ကာ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းထုတ်လုပ် ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်ပ သွင်းကုန်အစားထိုးလုပ်ငန်းများကိုလည်း ထုတ်လုပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ရွှေပြည်သာစက်မှုမြို့၌ တည် ဆောက်ဆဲစက်ရုံ ၉၈ရုံကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သည် တာဝန်ရှိသူများလိုက်ပါလျက် ရွှေပြည်သာစက်မှုမြို့ အပိုင်း(၄)ရှိ မြန်မာ့ အားမာန်(MAM) မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြသည်။

မော်တော်ယာဉ်ထုတ်လုပ်ရေး

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဧည့်ခန်းမ၌ မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း (Myanma Force Industry & Manufacturing Co., Ltd.) မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမျိုးဝင်းက စက်ရုံ၏တည်နေရာ၊ ထုတ်လုပ်လျက်ရှိသော ပြည်တွင်းဖြစ် မော်တော်ယာဉ် ဖရိန်အစိတ်အပိုင်းများ၊ ပြည်တွင်းမှပညာရှင်များနှင့် မြန်မာ့ အားမာန်မှ ပညာရှင်များ ပူးပေါင်းတီထွင်ထုတ်လုပ်သည့် မော်တော်ယာဉ်ဖရိန် အစိတ်အပိုင်းများ၊ ကိုယ်ထည်များ၊ ဖရိန်နှင့်တွဲသုံးသည့် ဘတ်တာဖလိုင်းများ၊ နိုင်ငံတကာအဆင့်မီ ဆေးမှုတ်ဆေးပေါင်းရုံ၊ ပြည်တွင်းဖြစ် CNG သဘာဝ ဓာတ်ငွေ့သုံးမော်တော်ယာဉ်များ ထုတ်လုပ်မှုနှင့် ဆီသုံးစွဲမှု လျော့နည်းသက်သာ ရန်နှင့် လေထုညစ်ညမ်းမှုမှကာကွယ်ရန် ဆောင်ရွက်ထားရှိမှုများကို ပရိုဂျက်တာ ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သည် မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံအတွင်း ဘော်ဒီဂျစ်ခုံ၊ ဘော်ဒီအောက်ကြမ်းခင်း၊ ရေတိုင်ကီ၊ ဆီတိုင်ကီ၊ အိပ်ဇောများနှင့် အင်ဂျင်စက် တပ်ဆင်နေမှုကိုလည်းကောင်း၊ Truck ကား အိပ်ဇယ်များနှင့် Vibro Shear သံဖြတ်စက်ဖြင့် ဘော်ဒီသံပြားဖြတ်တောက်နေမှုကိုလည်းကောင်း၊ နိုင်ငံတကာ အဆင့်မီ ဆေးမှုတ် ဆေးပေါင်းရုံ (Spray Bake) အတွင်း ကားဘော်ဒီများ ဆေးမှုတ်နေမှုကိုလည်းကောင်း၊ ပြည်တွင်းဖြစ်ဖရိန်ဖိစက်၊ ပြည်တွင်းဖြစ် ဖရိန်ကိုယ်ထည် ဖိစက်နှင့် ပြည်တွင်းဖြစ်ကိုယ်ထည်မိုလ်ဖိစက်တို့ဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည် များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် CNGသဘာဝဓာတ်ငွေ့သုံး MAMမော်တော် ယာဉ် စမ်းသပ်ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရွှေပြည်သာစက်မှုမြို့မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နို့ပြုပြင်ထုတ်လုပ်မှုလေ့လာရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၅

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင် နို့ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာ

ဖြန့်ဖြူးရေးနှင့် သင်တန်းလုပ်ငန်း စီမံကိန်းအရ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကြီးခေါင်းဆောင်၍ ဦးစီးအရာရှိ ဒေါက်တာခင်ဆွေဝင်း၊ နို့စားနွားမွေးမြူ သူများနှင့် နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ် ရောင်းချသူများအသင်း အမှုဆောင် ဦးအုန်းခိုင်တို့ပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တစ်ပိုင်တစ်နိုင် နို့ပြုပြင်ထုတ်လုပ်မှု ဆိုင်ရာလုပ်ငန်းများကို စက်တင်ဘာ ၁၃ရက်မှ ၂၄ရက်အထိ လေ့လာရန် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။(ဝဲပုံ) (သတင်းစဉ်)

ကျောက်တော်မြို့ မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၄ခုနှစ် စက်တင်ဘာ ၁၅ ရက် မြန်မာစံတော်ချိန် နံနက် ၀၉:၃၀ နာရီအချိန်တွင် ကျောက်တော်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၄၀၀မီလီမီတာ (၁၅ဒသမ ၇၅လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၁၈နှစ်အတွင်း စက်တင်ဘာလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ် ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၈၃မီလီမီတာ (၇ ဒသမ ၂၀လက်မ) ဖြစ်ပြီး ၁၉၉၈ခုနှစ် စက်တင်ဘာ ၈ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ဒုတိယအကြိမ် ပညာရပ်ဆိုင်ရာဟောပြောပွဲကို စက်တင်ဘာ ၁၈ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် ကမာရွတ်မြို့နယ်ရှိ စိန်ရတုခန်းမ အခန်းအမှတ်(၂၀၂)၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောမည့်ခေါင်းစဉ်များမှာ ဦးစန်းလွင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ Geotechnical Investigation in Dam Construction (ဆည်တည်ဆောက်ရေးအတွက် အင်ဂျင်နီယာ ဘူမိဗေဒစူးစမ်းရေးလုပ်ငန်းများ) နှင့် ဦးဉာဏ်သင်း (ဘူမိဗေဒပါမောက္ခ၊ ငြိမ်း)၏ The World of Diamonds(စိန်ကမ္ဘာ)တို့ဖြစ်ပြီး အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ယာဉ်မတော်တဆမှုကြောင့် လူ့စွမ်းအားအရင်းအမြစ် မဆုံးရှုံးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်ခန်းစာများ ကျောင်းအချိန်ပိုင်း၌ သင်ကြားပို့ချ

ရန်ကုန် စက်တင်ဘာ ၁၅

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်ခန်းစာ သင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော "စည်းကမ်းလိုက်နာဘေးကင်းကွာ" ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်ခန်းစာ သင်ကြားမှုအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်ခန်းစာ ပြခန်းကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုး၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် ကော်မတီဝင်များ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အခြေခံပညာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ရန်ကုန်တိုင်းအခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကောင်အထည်ဖော်

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကျောင်းသား၊ ကျောင်းသူကလေးငယ်များသည် အနာဂတ်ကာလတွင်နိုင်ငံတာဝန်ကို ထမ်းဆောင်ကြမည့် သားကောင်းရတနာများဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ယာဉ်အန္တရာယ်ကင်းစေရေး၊ ယာဉ်မတော်တဆမှုကြောင့် လူ့စွမ်းအားအရင်းအမြစ် မဆုံးရှုံးစေရေး၊ မသန်မစွမ်းဘဝ မရောက်စေရေးတို့အတွက် 'စည်းကမ်းလိုက်နာ ဘေးကင်းကွာ'ဟူသည့် ဆောင်ပုဒ်အတိုင်း ငယ်ရွယ်စဉ်ကလေးဘဝကစပြီး စည်းကမ်းလိုက်နာတတ်သည့် အလေ့အထ အမူအကျင့်ကောင်းများရရှိလာစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နားလည်သဘောပေါက်စေရန်၊အခြေခံပညာကျောင်းများတွင် ကျောင်းစာသင်ချိန် မထိခိုက်စေဘဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်ခန်းစာများကို ကျောင်းအချိန်ပိုများ၌ သင်ကြားနိုင်ရန် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကြပ်ကြပ်မတ်မတ်

ယာဉ်မတော်တဆဖြစ်မှု၊ ယာဉ်တိုက်ခိုက်မှုများကြောင့်အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ရာ ယာဉ်မတော်တဆဖြစ်မှု၊ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းလာစေရန် ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရေး ပညာပေးခြင်းလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အရေးယူမှုလုပ်ငန်းများကိုပါ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ခေတ်သည် Knowledge Age ပညာခေတ်ကို ရောက်ရှိနေပြီဖြစ်သည့်အတွက် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းစာသင်ကြားမှုသာမက ကျောင်းသား၊ ကျောင်းသူကလေးများ ပြင်ပဗဟုသုတရရှိရေး၊ ယာဉ်အန္တရာယ်ကို နားလည်သဘောပေါက်စေရေးတို့အတွက် ကျောင်းချိန်ပြင်ပများတွင် သင်ကြားပို့ချပေးစေလိုကြောင်း ရှင်းလင်းအမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ပညာရေးမိသားစုများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" စာအုပ်ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသူများဖြစ်ကြသော အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေး၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှဆရာမ ဒေါ်မျိုးစန္ဒာအေး၊ Photo View အဖွဲ့မှ ဦးမျိုးဇော်မြင့်နှင့် ဦးမင်းဇော်ဖေတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည်"စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်ခန်းစာပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် သင်ရိုးသရုပ်ပြသခြင်း အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သရုပ်ပြဆရာမနှင့် ကျောင်းသူကလေးများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ အပြန်အလှန် အမေးအဖြေနှင့် လက်တွေ့သရုပ်ပြခြင်းကို ပြုလုပ်ကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း သင်ရိုးသရုပ်ပြသသည့် ဆရာ၊ ဆရာမများ လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ကြပြီး အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပညာပေးရေးနှင့်စည်းကမ်း သတ်မှတ်ရေး ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ ပညာပေးရေးနှင့် စည်းကမ်း သတ်မှတ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးအောင်မြင့်နှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးနုတို့က ဆရာ၊ဆရာမများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် ကွန်ပျူတာသင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် On Line Computerသင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁/၁၉) ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန သင်တန်းခန်းမ(၂)၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ယင်းအခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ လက်ထောက်အထွေထွေ မန်နေဂျာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရက်သတ္တနှစ်ပတ်

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာအကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးရလဒ်အဖြစ် Economic Co- operation Strategy (ECS)နိုင်ငံများ၏ "ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄"(The First CLMTV-ECS Trade Fair -2004)ကျင်းပရေး ဗဟိုကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရေး ဗဟိုကော်မတီနာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ အစည်းအဝေးမစတင်မီ ဗဟိုကော်မတီနာယကများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ကုန်စည်ပြပွဲကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာအတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဖတ်ကြားအတည်ပြု

ထို့နောက် ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ အစီအစဉ်အရ အခမ်းအနားမှူးက တတိယအကြိမ် ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုချက် ရယူသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် ဗဟိုကော်မတီနာယကများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေး တင်ပြကြပြီး ကျင်းပရေး ဗဟိုကော်မတီ နာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ် စကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကျင်းပ

ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ–၂၀၀၄ ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

စင်ကာပူအလွတ်တန်းဘိုးလင်းပြိုင်ပွဲ မြန်မာဘိုးလင်းအဖွဲ့ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုရရှိ

ရန်ကုန် စက်တင်ဘာ ၁၅

၂၀၀၄ခုနှစ် စက်တင်ဘာ ၂ရက်မှ၁၀ ရက်အထိစင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော(၃၇)ကြိမ်မြောက်အလွတ်တန်းဘိုးလင်းပြိုင်ပွဲတွင် မြန်မာဘိုးလင်းအဖွဲ့က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု စုစုပေါင်းဆုတံဆိပ်သုံးခုရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာဘိုးလင်းအဖွဲ့မှ အမျိုးသမီးမာစတာဘိအလွတ်တန်းပြိုင်ပွဲ၌ ခင်သန်းထွေးက ရွှေတံဆိပ်တစ်ခု၊ အမျိုးသားမာစတာဘိအလွတ်တန်းပြိုင်ပွဲတွင် ဌေးဝင်းအောင်က ငွေတံဆိပ်တစ်ခုနှင့် အမျိုးသမီးသက်ကြီးတန်းပြိုင်ပွဲတွင် ခင်မူတင့်က ငွေတံဆိပ်တစ်ခုရရှိခဲ့သည်။

မြန်မာဘိုးလင်းအဖွဲ့တွင် မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဦးသိန်းဇော်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူး စိုးဝင်း(ငြိမ်း)တို့က ဦးဆောင်၍ ပြိုင်ပွဲဝင်အားကစားသမား ခုနစ်ဦးတို့သည် စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြရာ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးစိန်ထွန်းအောင်(ငြိမ်း)နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အာဆင်နယ်၏ ရှုံးပွဲမရှိစံချိန်ကို ဘော်လ်တန် ချိုးနိုင်ပါမည်လော

ဂမ်ဆိုင်း

ပရီမီယာလိဂ်ပွဲစဉ် (၆)

ပရီမီယာလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်သည် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းရင်း ထိပ်ဆုံးမှ ဦးဆောင်ပြေးလျက်ရှိသည်။ ချဲလ်ဆီးသည် အက်စတွန်ဗီလာကို ဂိုးမရှိသရေကျလိုက်သောကြောင့် အာဆင်နယ်နှင့် နှစ်မှတ်ကွာသွားသည်။ မန်ယူကလည်း ဘော်လ်တန်ကို သရေထပ်မံကျသွားသည်။ မန်ယူ၏သုံးပွဲဆက်တိုက် သရေကျခြင်းဖြစ်သည်။ အဆင့်(၁၁)မှ လိုက်နေရသည်။ ဘော်လ်တန်၊ မစ်ဒယ်ဘရော့၊ အဲဗာတန်အသင်းတို့သည် ချဲလ်ဆီးနောက်မှကပ်၍ ပြိုင်တူလိုက်လျက်ရှိသည်။

အခြေအနေအဆိုးဆုံးအသင်းများမှာ ဝက်စ်ဘရွန်း၊ ဘလက်ဘန်း၊ ခရစ္စတယ်ပဲလေ့(စ်)နှင့် နော့ဝစ်(ချ်)တို့ဖြစ်သည်။ နိုင်ပွဲတစ်ပွဲမှမရသေးဘဲရှိကြသည်။

ပွဲစဉ်(၆)ကို စက်တင်ဘာ ၁၈၊ ၁၉၊ ၂၁ ရက်နေ့တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

စက်တင်ဘာ ၁၈ရက်
စနေနေ့ကစားမည့်ပွဲစဉ်များ
အာဆင်နယ်-ဘော်လ်တန်
မြန်မာစံတော်ချိန် ညနေ ၆း၁၅နာရီ

အဆင့်(၁) အာဆင်နယ်နှင့် အဆင့်(၃) ဘော်လ်တန်တို့ ကစားမည်။ အာဆင်နယ် ငါးပွဲနိုင်သည်။ ၁၉ ဂိုးသွင်းပြီး ငါးဂိုးပေးရသည်။ ၁၅ မှတ်ရထားသည်။ ဘော်လ်တန်က သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ကိုးဂိုးသွင်းပြီး ခြောက်ဂိုးပေးရသည်။ ၁၀ မှတ်ရသည်။

လောလောဆယ်တွင် အာဆင်နယ်ခြေသည် အမြင့်ဆုံးသို့ရောက်နေသည်။ ကစားခဲ့သောပွဲတိုင်းတွင် အထက်စီးမှ ဦးဆောင်ကစားသွားသည်။ ဘော်လ်တန်ကလည်း ဖူလ်ဟမ်နှင့်ပွဲမှလွဲ၍ ခြေစွမ်းထက်နေသည်။ မနှစ်ကထက် ဘော်လ်တန် ခြေရည်ကောင်းလာသည်။ နှစ်သင်းခြေစွမ်းအရ အာဆင်နယ်က သာသည်။

အာဆင်နယ်ကွင်းမှာ ကစားရမည်။ ယမန်နှစ်က ပထမအကျော့တွင် တစ်ဂိုးစီ သရေကျသည်။ ဒုတိယအကျော့တွင် အာဆင်နယ်က ၂-၁ ဖြင့်နိုင်သည်။ အာဆင်နယ် ၂-၁ ဖြင့်နိုင်သောပွဲမှာ အိမ်ကွင်း၌ ကစားသောပွဲဖြစ်သည်။ ပွဲစဉ်(၇)တွင် အာဆင်နယ်က မန်စီးတီးနှင့်ကစားရမည်။ ဘော်လ်တန်က ဘာမင်ဂမ်နှင့် ကစားရမည်။ နှစ်သင်းစလုံး ရှေ့တွင် ပွဲကျပ်သည်။ ထို့ကြောင့် နှစ်သင်းစလုံး ညှစ်ကစားကြလိမ့်မည်။ အာဆင်နယ်က သရေနှင့်အနိုင် တစ်ခုခုရအောင် ကစားလိမ့်မည်။

ဝက်စ်ဘရွန်း-ဖူလ်ဟမ်
မြန်မာစံတော်ချိန် ည ၈း၃၀နာရီ

အဆင့်(၁၈) ဝက်စ်ဘရွန်းနှင့် အဆင့်(၁၅) ဖူလ်ဟမ်ကစားကြမည်။ ဝက်စ်ဘရွန်း တစ်ပွဲမှမနိုင်သေး။ သုံးပွဲသရေ၊ နှစ်ပွဲရှုံးသည်။ လေးဂိုးသွင်းပြီး ရှစ်ဂိုးပေးရသည်။ နှစ်မှတ်ရသည်။ ဖူလ်ဟမ်တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးသည်။ ခြောက်ဂိုးသွင်းပြီး ၁၀ ဂိုးပေးရသည်။ လေးမှတ်သာ ရသေးသည်။

ဝက်စ်ဘရွန်း ခြေရည်သည် ရှေ့ပိုင်းပွဲစဉ်များတွင် ကောင်းသော်လည်း နောက်ပိုင်းပွဲများ၌ တဖြည်းဖြည်း အိဆင်းလာသည်။ လီဗာပူးနှင့် ကစားသောပွဲတွင် ဝက်စ်ဘရွန်းညံ့သည်။ ဖူလ်ဟမ်၏ ယခုခြေစွမ်းမှာ အတက်အကျရှိနေသည်။ မနှစ်ကလို မငြိမ်ဘဲရှိသည်။ နှစ်သင်းခြေစွမ်းအရ ဖူလ်ဟမ်ကသာသည်။

ဝက်စ်ဘရွန်းကွင်းမှာ ကစားရမည်။ နှစ်သင်းတွေ့ဆုံမှုသမိုင်း ဝက်စ်ဘရွန်းက အနိုင်များသည်။ ပွဲစဉ် (၇)မှာ ဝက်စ်ဘရွန်းက နယူးကာဆယ်နှင့် ကစားရမည်။ ဖူလ်ဟမ်က စိန့်နှင့် ကစားရမည်။ နှစ်သင်းစလုံး ပွဲကျပ်ကစားရမည်။ နှစ်သင်းစလုံး နောက်ဆုံးပွဲမှာ ရှုံးသော်လည်း ဖူလ်ဟမ်ခြေကို ပို၍ကြိုက်သည်။ ဖူလ်ဟမ် နိုင်ခြေရှိသည်။

ဘာမင်ဂမ်-ချာလ်တန်
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

အဆင့်(၁၄) ဘာမင်ဂမ်နှင့် အဆင့်(၁၀) ချာလ်တန်ကစားမည်။ ဘာမင်ဂမ်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးသည်။ ခြောက်ဂိုးသွင်းပြီး ငါးဂိုးပေးရသည်။ လေးမှတ်ရသည်။ ချာလ်တန်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးသည်။ ခြောက်ဂိုးသွင်းပြီး ကိုးဂိုးပေးရသည်။ ခုနစ်မှတ်ရသည်။

ယခုနှစ် ဘာမင်ဂမ် ခြေရည်ညံ့နေသည်။ ချဲလ်ဆီးနှင့်ကစားသော ပွဲတစ်ပွဲသာ ကောင်းသည်။ ချာလ်တန်ကလည်း ကောင်းလျှင်အလွန်ကောင်းနေပြီး ညံ့လျှင်အလွန်ညံ့သွားပြန်သည်။ မည်သို့ပင်ဖြစ်စေ နှစ်သင်းခြေရည်အရ ညီကြသည်။ သို့သော် ဘာမင်ဂမ်က အိမ်ကွင်းဆိုလျှင် ကောင်းတတ်သည်။ ယခုပွဲတွင် အခြေအနေအနည်းငယ်သာနိုင်သည်။

ဘာမင်ဂမ်ကွင်းတွင် ကစားရမည်။ မနှစ်က ချာလ်တန်က ပထမအကျော့တွင် ၂-၁ ဖြင့်နိုင်သည်။ ဒုတိယအကျော့တွင် သရေကျသည်။ ချာလ်တန်ကို ရှုံးသောပွဲမှာ အိမ်ကွင်းတွင်ဖြစ်သည်။ ပွဲစဉ်(၇)တွင် ဘာမင်ဂမ်က ဘော်လ်တန်နှင့် ကစားရမည်။ ချာလ်တန်က ဘလက်ဘန်းနှင့် ကစားမည်။ ဘာမင်ဂမ်က ပွဲကျပ်ပြီး ချာလ်တန်က ပွဲချောင်သည်။ သို့ဖြစ်၍ ဘာမင်ဂမ်အနေဖြင့် အနိုင် သို့မဟုတ် သရေ အနည်းဆုံးရအောင် ကစားရမည်။

ဘလက်ဘန်း-ပို့စ်မောက်
မြန်မာစံတော်ချိန် ည ၈း၃၀နာရီ

အဆင့်(၁၉) ဘလက်ဘန်းနှင့် အဆင့်(၉) ပို့စ်မောက်ကစားမည်။ ဘလက်ဘန်းက နှစ်ပွဲသရေ၊ သုံးပွဲရှုံးသည်။ လေးဂိုးသွင်းပြီး ၁၁ ဂိုးပေးရသည်။ နှစ်မှတ်သာရသေးသည်။ ပို့စ်မောက်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ကိုးဂိုးသွင်းပြီး ခုနစ်ဂိုးပေးရသည်။ ခုနစ်မှတ်ရသည်။

ဘလက်ဘန်းခြေကို မှန်းဖို့ခက်သည်။ မန်ယူနှင့်ပွဲတွင် ကောင်းသလောက် နယူးကာဆယ်နှင့်ပွဲတွင် ညံ့နေသည်။ ပို့စ်မောက်က မနှစ်ကလို ပရိသတ်များကို မှင်သက်မိသွားအောင် လုပ်မပြနိုင်သော်လည်း နောက်ပိုင်းပွဲများတွင် တစ်စတစ်စ ကောင်းလာသည်။ နှစ်သင်းခြေစွမ်းအရ မတိမ်းမယိမ်းရှိကြသည်။ သို့သော် ပို့စ်မောက်က သမ္မာဖြင့် ကစားတတ်သည်။

ဘလက်ဘန်းကွင်းမှာ ကစားရမည်။ မနှစ်က နှစ်သင်းအပြန်အလှန်နိုင်ကြသည်။ ပထမအကျော့တွင် ဘလက်ဘန်းက ၂-၁ ဖြင့်နိုင်သည်။ ဒုတိယအကျော့တွင် ပို့စ်မောက်က ၂-၁ ဖြင့် ပြန်နိုင်သည်။ ဘလက်ဘန်း ရှုံးသောပွဲမှာ အိမ်ကွင်း၌ဖြစ်သည်။ ပွဲစဉ်(၇)တွင် ဘလက်ဘန်းက ချာလ်တန်နှင့်ကစားရမည်။ ပို့စ်မောက်က အဲဗာတန်နှင့် ကစားရမည်။ နှစ်သင်းစလုံး ပွဲကျပ်သည်။ သို့ဖြစ်၍ သရေပွဲဖြစ်နိုင်သည်။ နိုင်ခြေက ပို့စ်မောက်ဘက်တွင် အနည်းငယ်ရှိသည်။

ခရစ္စတယ်ပဲလေ့စ်-မန်စီးတီး
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

အဆင့်(၂၀)ပဲလေ့စ်နှင့် အဆင့်(၁၃)မန်စီးတီး ကစားမည်။ ပဲလေ့စ်က တစ်ပွဲသရေ၊ လေးပွဲရှုံးသည်။ တစ်ပွဲမှမနိုင်သေး။ လေးဂိုးသွင်းပြီး ၁၁ ဂိုးပေးရသည်။ တစ်မှတ်သာရသေးသည်။ မန်စီးတီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးသည်။ ခြောက်ဂိုးသွင်းပြီး ငါးဂိုးပေးရသည်။ လေးမှတ်ရသည်။

ခရစ္စတယ်ပဲလေ့စ်သည် ယခုအချိန်ထိ ပရီမီယာလိဂ်အသင်းများကို ခြေစွမ်းထုတ်မပြနိုင်သေးဘဲရှိသည်။ မန်စီးတီးမှာ ချာလ်တန်၊ ဖူလ်ဟမ်၊ လီဗာပူးတို့ပွဲတွင် ပုံမှန်ခြေရှိသည်။ နှစ်သင်းခြေစွမ်းကိုကြည့်လျှင် မန်စီးတီးကသာသည်။

ပဲလေ့စ်ကွင်းမှာ ကစားရမည်။ ပွဲစဉ်(၇)တွင် ပဲလေ့စ်က ဗီလာနှင့်ကစားရမည်။ မန်စီးတီးက အာဆင်နယ်နှင့် ကစားရမည်။ နှစ်သင်းစလုံး သူ့အနေအထားနှင့်သူ ကျပ်သည်။ မန်စီးတီးကပို၍ကျပ်သည်။ ထိပ်အသင်းနှင့် ကစားရမည်။ ထို့ကြောင့် မန်စီးတီးအနေဖြင့် အနိုင်နှင့်သရေ တစ်ခုခုရအောင် ကစားဖွယ်ရှိသည်။

နော့ဝစ်(ချ်)-အက်စတွန်ဗီလာ
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

အဆင့်(၁၇) နော့ဝစ်(ချ်)နှင့် အဆင့် (၇) အက်စတွန်ဗီလာကစားကြမည်။ နော့ဝစ်(ချ်) သုံးပွဲသရေ၊ နှစ်ပွဲရှုံးသည်။ ငါးဂိုးသွင်းပြီး ကိုးဂိုးပေးရသည်။ သုံးမှတ်ရသည်။ ဗီလာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ခုနစ်ဂိုးသွင်းပြီး ခြောက်ဂိုးပေးရသည်။ ရှစ်မှတ်ရသည်။

နော့ဝစ်(ချ်)၏ ခြေရည်သည် ပုံမှန်လောက်သာရှိသည်။ မန်ယူ၊ နယူးကာဆယ်၊ စပါး(စ်)တို့ပွဲတွင် နော့ဝစ်(ချ်)ခြေရည်ကောင်းပြီး ကစားပုံသင့်သည်။ ဗီလာ၏နောက်ပိုင်းသုံးပွဲခြေရည်ကောင်းသည်။ ချဲလ်ဆီးကို ကစားသောခြေရည်မှာ ကောင်းလွန်းသည်။ နှစ်သင်းခြေရည်မှာ အက်စတွန်ဗီလာသာသည်။

နော့ဝစ်(ချ်)ကွင်းမှာ ကစားမည်။ နှစ်သင်းတွေ့တိုင်း နော့ဝစ်(ချ်)က နိုင်ပွဲများသည်။ ဗီလာက သရေတစ်ပွဲပဲရဖူးသည်။ ပွဲစဉ်(၇)တွင် နော့ဝစ်(ချ်)က လီဗာပူးနှင့်ကစားရမည်။ ဗီလာက ပဲလေ့စ်နှင့် ကစားရမည်။ အိမ်ရှင်သရေ ရလျှင် ကျေနပ်ဖွယ်ကောင်းသည်။

စက်တင်ဘာ ၁၉ ရက်
တနင်္ဂနွေနေ့ပွဲစဉ်များ
စိန့်-နယူးကာဆယ်
မြန်မာစံတော်ချိန် ည ၇း၃၀ နာရီ

အဆင့်(၁၆) ဆောက်သမ်တန်(စိန့်)နှင့် အဆင့်(၁၂) နယူးကာဆယ်တို့ ကစားမည်။ စိန့် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးသည်။ ငါးဂိုးသွင်းပြီး ရှစ်ဂိုးပေးရသည်။ လေးမှတ်ရသည်။ နယူးကာဆယ် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးသည်။ ကိုးဂိုးသွင်းပြီး ကိုးဂိုးပေးရသည်။ ငါးမှတ်ရသည်။

ယခုနှစ် စိန့်တို့၏ခြေရည်သည် ပုံမှန်အောက် ရောက်နေသည်။ ဘယ်ပွဲကောင်းသည်ဟု ဆွဲထုတ်ပြစရာမရှိဘဲဖြစ်နေသည်။ ဘလက်ဘန်းကိုနိုင်လိုက်သောပွဲပင် ကောင်းသည်ဟု ပြောစရာမရှိဘဲဖြစ်နေသည်။ နယူးကာဆယ်ကလည်း ပွဲထွက်မှာ ပြဿနာပေါင်းစုံကြောင့် ခြေပျက်နေသည်။ ယခုမှနိုင်ပွဲစတင်နိုင်သေးသည်။ ၎င်းပွဲတွင် နယူးကာဆယ်ကစားပုံကောင်းသည်။ နှစ်သင်း ခြေအနေအထားမှာ မတိမ်းမယိမ်းရှိသည်။

စိန့်ကွင်းမှာကစားရမည်။ ယမန်နှစ်က နယူးကာဆယ် တစ်ပွဲသရေ၊ တစ်ပွဲနိုင်သည်။ သုံးဂိုးစီသရေကျသောပွဲမှာ စိန့်ကွင်းတွင်ဖြစ်သည်။ ပွဲစဉ်(၇)တွင် စိန့်က ဖူလ်ဟမ်နှင့်ကစားရမည်။ နယူးကာဆယ်က ဝက်စ်ဘရွန်းနှင့် ကစားရမည်။ သို့ဖြစ်၍ စိန့်က ပွဲကျပ်ပြီး နယူးကာဆယ်က ပွဲချောင်သည်။ အိမ်ရှင်စိန့်အနေဖြင့် သရေ(သို့)အနိုင် ရနိုင် သည်။

အဲဗာတန်-မစ်ဒယ်ဘရော့
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

အဆင့် (၅) အဲဗာတန်နှင့် အဆင့်(၄) ဘိုရီတို့ကစားမည်။ အဲဗာတန်က သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ခုနစ်ဂိုးသွင်းပြီး ခြောက်ဂိုးပေးရသည်။ ၁၀ မှတ်ရသည်။ ဘိုရီက သုံးပွဲနိုင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ၁၁ ဂိုးသွင်းပြီး ကိုးဂိုးပေးရသည်။ ၁၀ မှတ်ရသည်။

အဲဗာတန်၏ပုံမှန်ခြေကို မန်စီးတီးနှင့်ပွဲတွင်သာ မြင်ရသည်။ အောက်အသင်းများနှင့် ကစားသောခြေမှာလည်း စွဲမက်စရာမရှိ။ ပွဲဦးထွက်ပွဲမှာ ပုံပျက်လွန်းသည်။ ဘိုရီမှာ တောက်လျှောက် ခြေကောင်းနေသည်။ အာဆင်နယ်ကို ခံကစားသောခြေက နှစ်သက်ဖွယ်ကောင်းသည်။ လောလောဆယ်အနေအထားတွင် ဘိုရီကခြေရည်ပိုကောင်းနေသည်။ ပုံမှန်ခြေအရ မတိမ်းမယိမ်းလောက်ရှိကြသည်။

အဲဗာတန်ကွင်းတွင်ကစားရမည်။ ယမန်နှစ်က ဘိုရီ တစ်ပွဲသရေ၊ တစ်ပွဲနိုင်သည်။ သရေပွဲမှာ အဲဗာတန်ကွင်းတွင်ဖြစ်သည်။ ပွဲစဉ်(၇)တွင် အဲဗာတန်က ပို့စ်မောက်နှင့်ကစားရမည်။ ဘိုရီက ချဲလ်ဆီးနှင့်ကစားရမည်။ ရှေ့တွင် နှစ်သင်းစလုံး ပွဲကျပ်ကစားကြရမည်။ ဘိုရီက ပွဲပိုကျပ်သည်။ အိမ်ရှင်အနေဖြင့် သရေရဖို့ ရေကုန်ကစားရမည်။

ချဲယ်လ်ဆီး-စပါး(စ်)
မြန်မာစံတော်ချိန် ည ၉း၃၅နာရီ

အဆင့်(၂)ချဲယ်လ်ဆီးနှင့် အဆင့်(၆) စပါး(စ်)တို့ ကစားကြမည်။ ချဲယ်လ်ဆီးက နိုင်ပွဲလေးပွဲ၊ တစ်ပွဲသရေကျသည်။ ရှုံးပွဲမရှိ။ ခြောက်ဂိုးသွင်းပြီး တစ်ဂိုးပေးရသည်။ ၁၃မှတ်ရသည်။ စပါး(စ်)က နှစ်ပွဲနိုင်၊ သုံးပွဲသရေကျသည်။ ရှုံးပွဲမရှိ၊ လေးဂိုးသွင်းပြီး နှစ်ဂိုးပေးရသည်။ ကိုးမှတ်ရသည်။

ဗီလာနှင့်ကစားသော ခြေအရဆိုလျှင် ချဲယ်လ်ဆီးညံ့သည်။ ကျန်လေးပွဲတွင်လည်း ချဲယ်လ်ဆီး ခြေရည်မှာ မက်လောက်စရာမရှိသေးဘဲရှိသည်။ မန်ယူနှင့်ပွဲတွင် ချဲယ်လ်ဆီး အောက်မှလိုက်ကစားရသည်။ ဘာမင်ဂမ်တို့၊ စိန့်တို့ကို ခြေကုန်ထုတ်ကစားရသည်။ ၎င်းခြေမျိုးဖြင့် စပါး(စ်)ကို နိုင်အောင်ကစားဖို့ ခက်လိမ့်မည်။ ယခုနှစ်တွင် စပါး(စ်)သည် အသင်းကြီးများကို အနိုင်ရအောင် ကစားပြနိုင်ခဲ့သည်။ သို့သော် အောက်တန်းအသင်းများကို သရေကစားသောခြေရည်မှာ ညံ့သည်။ ခြေအရ ချဲယ်လ်ဆီးသာသည်။

ချဲယ်လ်ဆီးကွင်းမှာကစားမည်။ မနှစ်က ချဲယ်လ်ဆီးက နှစ်ပွဲစလုံးနိုင်သည်။ ပွဲစဉ်(၇)တွင် ချဲယ်လ်ဆီးက ဘိုရီနှင့် ကစားရမည်။ စပါး(စ်)က မန်ယူနှင့် ကစားရမည်။ စပါး(စ်)က ရှေ့ပွဲတွင် ချဲယ်လ်ဆီးထက်ကျပ်သည်။ ထို့ကြောင့် စပါး(စ်)သရေရအောင် ကန်ရမည်ဖြစ်သည်။ ချဲယ်လ်ဆီးက အမှတ်ရဖို့ ကြိုးစားလိမ့်မည်ဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်
အင်္ဂါနေ့
မန်ယူ-လီဗာပူး

အဆင့်(၁၁)မန်ယူနှင့် အဆင့်(၈) လီဗာပူးတို့ ကစားမည်။ မန်ယူက တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးသည်။ ငါးဂိုးသွင်းပြီး၊ ငါးဂိုးပေးရသည်။ ခြောက်မှတ်ရသည်။ လီဗာပူးက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ခြောက်ဂိုးသွင်းပြီး သုံးဂိုးပေးရသည်။ ခုနစ်မှတ်ရသည်။

အောက်အသင်းကလေးကိုသာ မန်ယူနိုင်ဖူးသေးသည်။ ချဲယ်လ်ဆီးကိုရှုံးပြီး ကျန်အသင်းများကို သရေကျသည်။ မန်ယူသည် အသင်းတိုင်းကို အထက်စီးမှကစားနိုင်သည်။ သို့သော် ဂိုးသွင်းပျောက်နေသည်။ လီဗာပူးက မနှစ်ကနှင့်စာလျှင် ရာသီအစတွင်ပို၍ ကောင်းလာသည်။ မန်စီးတီးနှင့်ပွဲတွင် လီဗာပူး ကစားပုံရော ကစားကွက်ပါကောင်းသည်။ သို့သော် နှစ်သင်းယှဉ်ကြည့်ရာတွင် မန်ယူက ပိုကောင်းနေသည်။ လူအားလည်းသာသည်။

မန်ယူကွင်းမှာ ကစားရမည်။ ယမန်နှစ်က နှစ်သင်းအပြန်အလှန် တစ်ပွဲစီနိုင်သည်။ မန်ယူကွင်းမှာ ကစားရသော်လည်း လီဗာပူးက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ပွဲစဉ်(၇)တွင် မန်ယူက စပါး(စ်)နှင့် ကစားရမည်။ လီဗာပူးက နော့ဝစ်(ချ်)နှင့်ကစားရမည်။ သို့ဖြစ်၍ လီဗာပူးက ပွဲချောင်ပြီး ခြေစွာနေသည့် စပါး(စ်)နှင့် မန်ယူကစားရမည်။ သရေသုံးပွဲဆက်တိုက်ဖြစ်နေသည့် မန်ယူအနေဖြင့် ယခုပွဲကို အနိုင်မရရအောင်ကစားဖို့ရှိသည်။

အမှတ်-၁၇(စီ) မာလာမြိုင်လမ်း ဘောက်ထော် (၁၆)ရပ်ကွက် ရန်ကင်းမြို့နယ်နေ ဦးမြင့်-ဒေါ်စမ်းစမ်းမြတ် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဩဂုတ် ၃၀ ရက်က ထာဝရ ဆွမ်း၊ ဆေး ပဒေသာပင်များအတွက် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

ဗဟန်းမြို့နယ်ရွှေတောင်ကြားလမ်း အမှတ်(၂၃-စီ)နေ ဒုတိယဗိုလ်မှူးကြီး ညွန့်ဇော်(ငြိမ်း)- ဒေါ်သန်းသန်းဦးတို့က သားမောင်သန်းထွဋ်ဇော်၊ မြေးမောင်သက်ထက်ဉာဏ်တို့၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)သို့ ဩဂုတ် ၂၇ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အားကိုးရာမဲ့ကလေး ၃၆၂ဦးအား ကျွေးမွေး၊ ကျောင်းထားပေးပြီး ဆေးဝါးကျန်းမာရေးမှအစ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးအောင် မွေးမြူစောင့်ရှောက်ပေးနေသည့် လှိုင် မြို့နယ်(၁၆)ရပ်ကွက် မေတ္တာဝါဒီ ဟာသ်ာတပရဟိတကျောင်းတိုက်အတွင်းတည်ဆောက်နေသော မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းအတွက် အလှူရှင် ပျဉ်းမနားမြို့ သူရမင်းစိန်ရွှေဆိုင်နှင့် ထိပ်တန်းစတိုးပိုင်ရှင် ဦးမင်းစိန်-ဒေါ်ကျင်တင့်မိသားစုက လှူဒါန်းငွေကျပ် ၅၆၀၀၀၀ကို ဩဂုတ် ၂၅ ရက်က ပဓာနနာယက ဆရာတော် အဂ္ဂမဟာဓောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသထံ လှူဒါန်းစဉ်။ (က-ပ)

အောင်ရာမြေ သုံးထပ်သိမ်ကျောင်း ဖိတ်ကြားနိုးဆော်စာ

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းမကြီး ကုလားစုမှတ်တိုင် ဆ/ခရပ်ကွက်၊ မေခအိမ်ရာ အောင်ရာမြေ ပရိယတ္တိစာသင်တိုက်၌ ဘုံခုနစ်ဆင့်ပါ သုံးထပ်သိမ်ကျောင်းတော်ကြီးကို ၁၀-၁၀-၂၀၀၃နေ့မှစတင် တည်ဆောက်ခဲ့ပြီး ၂၃-၁၁-၂၀၀၄နေ့မှစ၍ ၂၅-၁၁-၂၀၀၄နေ့ထိ သုံးရက်တိုင်တိုင် ပဋ္ဌာန်းပွဲကျင်းပပါမည်။ (၂၆-၁၁-၂၀၀၄)၊ ၁၃၆၆-ခုနှစ် တန်ဆောင်မုန်းလပြည့် (သောကြာနေ့) နံနက်၉နာရီအချိန်တွင် ကထိန်ခင်းပွဲ၊ သိမ်တော်ကြီး ရေစက်သွန်းချ အမှုပေးဝေပွဲ ကျင်းပမည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလှူရှင်များ လာရောက်ကြည်ညိုရေစက်သွန်းချ အမှုဝေကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဒါနပါရမီဖြည့်လိုသူများ၊ ပဋ္ဌာန်းဆက်ပါသူများသည် ၂၈-၁၀-၂၀၀၄ရက်အတွင်း ဖုန်း-၅၇၃၃၄၇သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။ ၂၆-၁၁-၂၀၀၄ရက်နေ့မှစ၍ အလှူရှင်များ၏ အမည်ပါ ရ-ကုန်စာရင်းရှင်းတမ်းစာအုပ် ထုတ်ယူနိုင်ကြပါသည်။

သိမ်ကျောင်းတော်ဖြစ်မြောက်ရေးကျောင်းဒါယကာများအဖွဲ့။

ညီမ 'ငယ်' (T.Y.Y.H)

၁၆-၉-၂၀၀၄ရက်မှာ ကျရောက်သည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းမြေ့စွာ ဖြင့် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ . . .။

ကိုကိုကြီး(ရန်ပြေ)

ပင်လယ်မင်းသား

ပင်လယ်မင်းသား ရုပ်ရှင်ဇာတ်ကားပြသည့်အချိန် မိုးရွာသော်လည်း အားပေးကြသော ပရိသတ်အားကျေးဇူးတုံ့ပြန်သောအားဖြင့် ၁၇-၉-၂၀၀၄ (သောကြာနေ့)တွင် ရုပ်ရှင်ကြည့်ပရိသတ်များအား အကယ်ဒမီနန္ဒာလှိုင်ကိုယ်တိုင် လက်မှတ်ရေးထိုးပေးပါမည်။

ကတ္တီပါရင်ခွင် ရုပ်ရှင်ထုတ်လုပ်ရေး။

Y.E.S.
Basic Spoken English : SEP- 13,18,20,27
Pre-Intermediate English : SEP - 13,25,27
SAT (I) & Intermediate English : SEP - 1, 20
English Language Proficiency(4 Skills) : SEP - 13
Grammar Foundation Course : SEP - 18
Basic Writing, Academic Writing : SEP - 27
IELTS, TOEFL, SAT (II), Vocabulary Enrichment
No.190,2nd Flr.,28th St.(Upper),Pabedan Tsp. ☎ 243950

"ကိုင်း" ချာကြည်.......
ဓါတ်ပုံ မောင်မောင်ညွှပ် ညီများ
ဦးစီးသော
KAI Digital Photo Studio
၃၉၊ မြေညီထပ်၊ လမ်းသစ်လမ်း(မော်တင်လမ်း)၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၇၁၀၄၉၁၊ ၂၄၀၇၃၆၊ ၃၇၄၆၁၆

မွေးနေ့ဆုမွန်လွှာ

ကျေးဇူးရှင်ဖခင် **ဗိုလ်မှူးသက်လှိုင်**၏ ၁၆-၉-၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်း၊ မိသားစုနှင့်ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ဇနီး-ဒေါ်မွန်မွန်ချို
ချစ်သားကြီး-မောင်ဇွဲမာန်ဦး
ချစ်သမီး-မသီရိသက်မွန်
ချစ်သားငယ်-မောင်မိုးပြည့်စုံ။

KMD
2004 September
Strand Hotel
No.550-552, Corner of Merchant Road & 38th Street, Kyauktada Township, Yangon.

SUCCESS LANGUAGE ACADEMY
SPOKEN ENGLISH	3:30 - 5:00 p.m. 20.9.04 Mon to Thu
	6:00 - 7:30 p.m. 20.9.04 Mon to Thu
INTERMEDIATE ENGLISH	1:00 - 2:30 p.m. 14.9.04 Tue to Fri
	7:30 - 9:00 a.m. 20.9.04 Mon to Thu

ဖုန်း 202046

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သားဖြစ်သူ မောင်ဝင်းမောင် (YKN-၀၀၂၈၅၂)သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။ **မိခင်-ဒေါ်သန်းရီ**

၁၂/ရကန(နိုင်) ၀၄၇၄၁၉။

TV, VIDEO ပြုပြင်ရေး
☎ 710612

ကွန်ကရစ် ဘလောက်တုံး စက်ရုံလုပ်ငန်း ရောင်းမည်။

ဖုန်း-၂၉၅၂၇၄။

ASIA Language & Business Academy
(Your Passport to Success)
(All classes are taught by foreign teachers)

For Adults	Cambridge Course for children	Graded School
•FCE	Beginner	•Pre-Kg
•IELTS	Elementary	•Kg
•TOEFL	Junior Young Learner	•1st Grade
•Advanced English	Level I, II, III, IV, V	•2nd Grade
•General English		•3rd Grade

68, 3rd Fl, Shwedagon Pagoda Rd. Dagon Township, Yangon
Tel: 720866, 4411113, 384058

အလိုရှိသည်(ပြည်တွင်း၌သာ ခန့်ထားရန်)

Business Directory တွင် ကြော်ငြာကောက်ခံရန်
Marketing ဝန်ထမ်း ကျား/မ (၂၀)ဦး
(ပညာအရည်အချင်း ကန့်သတ်ချက်မရှိပါ)
လစာအပြင် Commssion ခံစားခွင့်ပေးမည်။

အမှတ်(၂၇၃)၊ ပန်းဆိုးတန်းလမ်း (အထက်ဘလောက်)
ကျောက်တံတားမြို့နယ်သို့ အလုပ်သမားမှတ်ပုံတင်နှင့် လျှောက်ထားပါရန်။

ရာပြည့်စာအုပ်ဆိုင် (ရန်ကုန်)
(၅) နှစ်ပြည့် အထူးလျှော့ဈေးပွဲ
ရာပြည့်နှင့် ဖူးပွင့်စာပေတိုက်ထုတ် - ၁၅ %
အခြားတိုက်ထုတ်များ - ၅ % လျှော့မည်။

ဗိုင်း
Export Quality အထည်မျိုးစုံ
တိုက်အမှတ် ၆၊ အခန်းအမှတ် (၁၀၁)

ဝန်ထမ်းအလိုရှိသည်
Marketing Executive
Assistant Marketing
Computer Designer
CorelDRAW, Photoshop
PERFORMER AREA SERVICES CO., LTD.
ဖုန်း- 724946, 722189

အမှန်းများစွာအတွက်
VCD KARAOKE
ထွက်ပြီ

အရာတော် တောင်ခြေဝန်းကျင် အရိပ်ရသစ်ပင်များ စိုက်ပျိုးရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရ စာသင်တိုက်ကြီး၏ မူလဦးစီးပဓာန နာယက သက်တော်ရှည် ကလေးဝဆရာတော် ပြန်လည်ဖော်ထုတ်ခဲ့သော ကျောက်ပန်းတောင်းမြို့နယ် လယ်ယား(တောင်) ကျေးရွာအုပ်စု တောင်ခြေကျေးရွာအနီး၌ တည်ရှိသည့် အရာတော်တောင်ပေါ်မှ ရှေးဟောင်းသမိုင်းဝင် ရှင်အရဟံ ခြေတော်ရာ(ပါဒ)မြတ်ကြီးရှိ သုခမ္မစာရီဗိမာန်တော်ကြီး၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို သြဂုတ် ၃၀ ရက် (ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့) တွင် ပဲခူးမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရွှေဂူလေး မဟာပဒုမ စာသင်တိုက် နာယက ဆရာတော် အရှင်ဂန္ဓသာရ (ဥဿာ)က ကြီးမှူး၍ ကျင်းပပြီး ပင့်သံဃာတော် ၁၂ ပါးတို့အား အရဟံဆွမ်းနှင့် လှူဖွယ်ဝတ္ထုများဖြင့် ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လှူဒါန်းမှု အစုစုတို့အတွက် သုခဝတီ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ သံဝရက အနုမောဒနာတရားချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဒါနပြု

ယင်းနောက် ရှေးဟောင်းသမိုင်းဝင် ရှင်အရဟံ(ပါဒ)မြတ်ကြီး ဘက်စုံဖွံ့ဖြိုးမွမ်းမံတည်ဆောက်ရေး ကော်မတီ နာယက ဆရာတော် ဘဒ္ဒန္တကုမာရ ဦးစီး၍ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက အရာတော်တောင်ခြေဝန်းကျင်နှင့် လမ်းဘေး ဝဲ–ယာတို့၌ အရိပ်ရ သစ်ပင်များနှင့် စားသုံးသီးပင်များ ထပ်မံ စိုက်ပျိုးနိုင်ရန် မြေကျင်း ၁၀၀ ခန့်ကို တူးဖော်ဒါနပြုကြသည်။ (သတင်းစဉ်)

ပဲခူးတိုင်း သြောင်လေးပင်မြို့ ကမ္မဋ္ဌာန်းကျောင်းတိုက် အတွင်း တည်ထား ကိုးကွယ်လျက်ရှိသော ဆုတောင်းပြည့် နိဗ္ဗာန်အလင်းရောင် စေတီတော်မြတ်ကြီး၏ တံခွန်တိုင်အတွက် စက်တင်ဘာ ၆ ရက်က ရန်ကုန်မြို့နေ ဦးအောင်သန်းဇော်နှင့် ဇနီး ဒေါ်ထားထားရီမိသားစုတို့က ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ကျောင်းထိုင် ဆရာတော်ကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေး လက်ခံရယူစဉ်။ (၁၂၆)

သီလရှင် ပညာရေးကျောင်းသို့ ဝတ်စုံများ လှူဒါန်း

ဒဂုံဆိပ်ကမ်း စက်တင်ဘာ ၉

ဦးခင်ဇော် (ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)နှင့် ဒေါ်ခင်ဆွေဦး မိသားစုတို့က စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဒဂုံဆိပ်ကမ်းမြို့နယ် (၈၁) ရပ်ကွက်ရှိ ဝိသာခါ သီလရှင်သင် အမျိုးသမီး ပညာရေးကျောင်း၌ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး သီလရှင်ဝတ်စုံ ၄၄ စုံ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဝတ်စုံ အစုံ ၉၀ နှင့် ငွေကျပ်ငါးသိန်း လှူဒါန်းရာ **(အပေါ်ပုံ)** ဝိသာခါ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်း ပဓာန နာယကဆရာလေး ဒေါ်ကိဿရထေရီက လက်ခံရယူပြီး လှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဝိသာခါ သီလရှင်သင် အမျိုးသမီး ပညာရေးကျောင်းတွင် မိဘမဲ့ တိုင်းရင်းသား ကလေးငယ် ၁၃၀ ဦးရှိရာ မိဘမဲ့ကလေးများနှင့် အနီးပတ်ဝန်းကျင်ရှိ ကလေးငယ် ၄၀ ကျော်တို့အား ဆရာမ ငါးဦးတို့က မူလတန်းပညာ သင်ကြားပေးလျက်ရှိပြီး အလှူငွေများ လှူဒါန်းလိုပါက ဖုန်း–၅၉၂၀၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရေနုတ်မြောင်း တူးဖော်

လှိုင်ကော် စက်တင်ဘာ ၅

လှိုင်ကော်မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ မြို့တွင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၃၀ ရက် နံနက် ၁၀နာရီက လှိုင်ကော်မြို့ လယ်မီးပွိုင့်အနီး ကန္တာရဝတီလမ်းမကြီး ဝဲ၊ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းများကို လှိုင်ကော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ထွန်း၊ သန့်ရှင်းရေး (ကြီးကြပ်ရေးမှူး) ဦးထွန်းမြင့်တို့က ဝန်ထမ်းများနှင့် ဆောင်ရွက်ကြသည်။ (၄၄၆)

မြို့နယ်လုံးကျွတ် အထူးသန့်ရှင်းရေး ဆောင်ရွက်

ဓနုဖြူ စက်တင်ဘာ ၈

ဓနုဖြူမြို့ သန့်ရှင်းသာယာလှပရေး အတွက် သြဂုတ် ၂၁ ရက် နံနက် ၇ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်လုံးကျွတ် အထူးသန့်ရှင်းရေးကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အနေးယာဉ် လုပ်သားများ၊ ရပ်ကွက်အသီးသီးမှ ပြည်သူများ ပူးပေါင်း၍ အင်အား ၁၀၀၀ ကျော်တို့သည် ကျိုက်ကလွန်ပွန် ဘုရားကြီးဝင်းအတွင်း၊ ပြည်သူ့ဆေးရုံ၊ ဌာနဆိုင်ရာရုံးများ၊ မြို့မဈေးကြီးနှင့် ရပ်ကွက်များတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေး ဆောင်ရွက်ရာသို့ နယ်မြေခံ တပ်ရင်းမှူး ဗိုလ်မှူး အောင်ကျော်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ကြည့်ရှုအားပေးကြသည်။

ဓနုဖြူမြို့နယ်လုံးကျွတ် အထူးသန့်ရှင်းရေး ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြီးကြပ်၍ မြို့တွင်းရှိ အမှိုက်သရိုက်များကို စည်ပင်ဝန်ထမ်းများက မော်တော်ယာဉ်များဖြင့် သယ်ယူပြီး မြို့ပြင်သို့ စွန့်ပစ်ကြကြောင်း သိရသည်။ (၁၆၄)

အိုင်ကလောင်ကျေးရွာ တရားစခန်းပွဲ

တိုက်ကြီး စက်တင်ဘာ ၁၀

တိုက်ကြီးမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု အိုင်ကလောင်ကျေးရွာ သိရီမင်္ဂလာ မုန်ကျောင်းတိုက်တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မိုးကုတ်ဓမ္မကထိက အရှင်ဝိမေယျ (ဓမ္မာစရိယ)သည် တော်သလင်းလဆန်း ၈ ရက်မှ ၁၄ ရက်အထိ ပဋ္ဌိစ္စသမုပ္ပာဒ်၊ သစ္စာလေးပါးတရားများကို ဟောကြားပြသမည်ဖြစ်သည်။ (က–ပ)

တံတားပြင်ဆင်မှု ကြီးကြပ်ဆောင်ရွက်

လှည်းကူး စက်တင်ဘာ ၉

လှည်းကူးမြို့ မြို့မရပ်ကွက် နှင်းဆီလမ်းရှိ အရှည်ပေ ၄၀၊ အနံပေ၂၀ ရှိ ရိုးကူးသစ်သားတံတား ဘီးလမ်းနှင့် လက်ရန်းတိုင်များကို စက်တင်ဘာ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ ဦးကြည်စင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဘသိန်းတို့ အနီးကပ်ကြီးကြပ်ပြင်ဆင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ အသက်(၇၅)နှစ်ပြည့်ပြီးသူများအား ထောက်ပံ့ကြေးငွေ ချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၆ ရက်က ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းက ထောက်ပံ့ကြေးငွေများအား ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

စက်တင်ဘာ ၁ ရက်က မြောင်းမြ ခရိုင် ဒွါဒသမ အကြိမ် (၁၂–ကြိမ်) မြန်မာ့ ရိုးရာယဉ် ကျေး မှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင်အခြေခံ ပညာအဆင့် အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက် ယှဉ်ပြိုင်စဉ်။ (ခရိုင်ပြန်/ဆက်)

သီတာကျေးရွာ နယ်လှည့်စာကြည့်တိုက်ဖွင့်

မိုးညှင်း စက်တင်ဘာ ၅

မိုးညှင်းမြို့နယ် ဟဲလုံကျေးရွာအုပ်စု သီတာကျေးရွာ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက မူလတန်းကျောင်းဆောင်၌ ကျင်းပသည်။

ဟောပြော

အဆိုပါ အခမ်းအနားသို့ သီတာ အမက ကျောင်းအုပ်ဆရာမ ဒေါ်ခင်ပြုံးနှင့် စာကြည့်တိုက် လက်ထောက်–၃ ဒေါ်နွယ်နွယ်အေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး ပညာရှာ ခေါင်းစဉ်ဖြင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးမာန်ငိုင်းက ဆွေးနွေးဟောပြောသည်။

တက်ရောက်

ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ သီတာကျေးရွာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးတင်ဦးနှင့် ကျေးရွာသူ၊ ရွာသားများ၊ ရွာသစ်ကုန်း၊ ထန်းတပင်၊ သာစည်၊ ဇောဓိကုန်း၊ ပျော်ဘွယ်၊ နားခါကျေးရွာ မူလတန်းကျောင်းအုပ် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မှတ်တမ်းလွှာပေးအပ်

တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း (၁၆)ရပ်ကွက် အိမ်အမှတ် (၃၄)နေ သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်က သြဂုတ် ၃၀ ရက်တွင် တောင်ငူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခန်းမ၌ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ နှလုံးနှိုးစက်တို့ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၉၁)

(၈၄)ကြိမ်မြောက် သွေးလှူဒါန်း

ပုလဲ စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပားကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ လူမှုထူးချွန် (ဒုတိယဆင့်–တတိယဆင့်) မော်လမြိုင်–တောင်ဝိုင်း ဓမ္မရက္ခိတဆရာတော် ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)**သည် ရန်ကုန်တိုင်း ဒဂုံမြို့နယ် ကလေးဆေးရုံကြီး သွေးလှူဘဏ်တွင် စက်တင်ဘာ ၆ ရက်က (၈၄)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ (က–ပ)

သက်ကြီးရွယ်အိုများအား ထောက်ပံ့လှူဒါန်း

အမရပူရ စက်တင်ဘာ ၆

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့ ဈေးချို ဈေးသူ၊ ဈေးသားများစုပေါင်းလှူဒါန်းသော ဆန်၊ ဆေးဝါးနှင့် အဝတ်အထည်များကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ် သုံးအိုးကျေးရွာတွင် လှူဒါန်းကြရာ မြို့နယ်အသင်း အလုပ်အမှုဆောင်ဦးစိုးဦး၊ ကျေးရွာအသင်း စည်းရုံးရေးမှူးဦးနိုင်ဦးနှင့် အသင်းဝင်များက ကျေးရွာအတွင်းသက်ကြီးအဘိုး၊ အဘွား ၂၉၀ ဦးတို့အား ဆန်၊ ဆေးဝါးနှင့်အဝတ်အထည်များကို တစ်အိမ်တက်ဆင်း ထောက်ပံ့လှူဒါန်းကြသည်။

အလားတူ အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စုသို့ သွားရောက်၍ မြို့နယ်အသင်းလုပ် အမှုဆောင် ဦးဝင်းမြင့်၊ ကျေးရွာစည်းရုံးရေးမှူးဦးစံရွှေတို့ ဦးဆောင်၍ အသင်းသား၊ အသင်းသူများက သက်ကြီးအဘိုး၊ အဘွားများအား ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၁၀၄)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးက ရပ်ကွက်နေပြည်သူများ အစဉ်ကျန်းမာမှု ရှိစေရန်အတွက် ပုသိမ်မြို့ ရပ်ကွက်(၃) နယ်မြေအတွင်း ခြင်၊ ယင်များ မရှိစေရန် အတွက် ခြင်ဆေးဖျန်း ကိရိယာဖြင့် စက်တင်ဘာ ၃ ရက်က ဆေးများ ဖျန်းပက်ပေးစဉ်။

(မြို့နယ်စည်ပင်)

စုပေါင်းဆောင်ရွက်

ဝါးခယ်မမြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ ဩဂုတ် ၂၈ ရက်က သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၈၂)

မြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း ဘောလုံးပြိုင်ပွဲကျင်းပ

မြောင်းမြ စက်တင်ဘာ ၅

ဧရာဝတီတိုင်း မြောင်းမြမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီရပ်ကွက်/ကျေးရွာအုပ်စု အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်က မြို့မအားကစားကွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ အမှာစကားပြောကြားသည်။

၂၀၀၄ ခုနှစ် မြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီ ရပ်ကွက်/ကျေးရွာအုပ်စု အလွတ်တန်း အမျိုးသားဘောလုံး ပြိုင်ပွဲကို ရပ်ကွက်/ကျေးရွာများမှ ဘောလုံးအသင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလကို စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရွှေရတုမွေးနေ့ဆုတောင်း

(၁၆–၉–၂၀၀၄)နေ့တွင် ကျရောက်သော ဦးမြဟန် (E/O) (MV " GLOBAL F" UNITEAM)၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင် လိုအင်ဆန္ဒပြည့်ဝပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး–သျှီ

(ဒေါက်တာ မခင်စိန် "သျှီဆေးကုခန်း")

ချစ်သားသမီးများ– အိမွန်ဟန်၊ ရှိန်းသူဟန်၊ မြတ်မွန်ဟန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	14(T)7/MR(S&T) 2004-2005	Glass Fibre Insulation Rail Joint 75 Lb	142.Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၇–၉–၂၀၀၄ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇–၈–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား

ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (US Dollars)၊ ယူရို (Euro)ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)15/MR(ML) 2004-2005	Rolled Steel Locomotives Steel Tyre (Rough Turn)for Diesel Electric Locomotives	529.Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၆–၁၀–၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆–၉–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား

ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။

Golden Flower Construction
မှတည်ဆောက်ပါသည်။

ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ

အဆင့်မြင့်တိုက်ခန်းကျယ်အိမ်ရာ
သံသုမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်
သင်္ဃန်းကျွန်းမြို့နယ်ရန်ကုန်မြို့။

အရစ်ကျညှိနှိုင်းစနစ်ဖြင့်
ရောင်းချလျက်ရှိပါသည်
အရောင်းခန်းမ
Golden Flower Plaza
(ဖုန်း-၂၂၀၀၂၄၊ ၂၂၀၀၂၅၊ ၂၂၀၀၂၆)

လက်ထပ်ပြီးစီးခြင်း

မောင်ကျော်မင်းဌေး[၁၂/သကတ(နိုင်)၁၃၇၄၀၁]နှင့် မစုစု[၇/သနပ(နိုင်)၀၄၇၉၅၃]တို့သည် မိဘများ၏ခွင့်ပြုချက်အရ ၃၁-၈-၂၀၀၄နေ့တွင် တောင်ဒဂုံတရားရုံး၌ လက်ထပ်ပြီးစီးပြီဖြစ်ပါကြောင်း။

ကျော်မင်းဌေး-စုစု။

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
☎542311 09-5002003

ရောင်းရန်

၁။ မြစ်တွင်းလူစီးနှစ်ထပ်ရေယာဉ်။
အလျား ၂၀၀ပေXအနံ ၃၂ပေXစောက် ၇ပေခွဲ၊ သံခွံ(စက်မဲ့)
၂။ မြစ်တွင်းကုန်တင်ရေယာဉ်
အလျား ၁၀၅ပေXအနံ ၂၀ပေX စောက် ၇ပေ၊ အင်ဂျင်နှစ်လုံး၊ ပြုပြင်ပြီးအသင့်သုံး။

ကြော်ငြာပါသည့်နေ့မှစ၍ တစ်လအတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများ အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်-၁၆၃၀/ဘီ၊ ရှုခင်းသာဆိပ်ကမ်း၊ ရှုခင်းသာမြို့ပတ်လမ်း၊ သာကေတမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၇၀၆၃၁၁၊ ၀၁-၇၀၇၂၈၈(ရုံးချိန်အတွင်း)။

IQ Test
မောင်မြင့်ဆိုင်ကျူ
ထွက်နေပြီ

- ၄၄ လမ်းမြေညီ 12½ x 40 Ph A/C
- 25 x 60 Ph 440 V -
အမြင့် 14' (၄ဘး) ဆက်သွယ်ရန် - 246168

ရွှေရွှေတုန်းတ ဝန္နာရီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၂၈၃

ဒေါ်ခင်ရီရီချော	**နှင့် ဦးကြည်မြင့်**
တိုက်(၄)၊ အခန်း(၃၀၁)၊	အမှတ်(၁၅၆)၊ (၃၆)လမ်းနှင့်
ပင်ရွှေညောင်လမ်း၊ တာမွေလေး	ပန်းဆိုးတန်းလမ်းထောင့်၊
ရပ်ကွက်၊ တာမွေမြို့နယ်	အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊
	(ယခင်နေရပ်လိပ်စာ)

တရားပြိုင်-ဦးကြည်မြင့်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

တရားလိုဒေါ်ခင်ရီရီချောက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၃အရ တရားလိုလက်ရှိထားပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် စက်တင်ဘာလ (၂၁)ရက်(၁၃၆၆ခုနှစ် တော်သလင်းလဆန်း၈ရက်နေ့)မွန်းမတည့်မီ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် ဩဂုတ်လ(၃၀)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၀(ဘီ)၊ စဥ့်ငူ၊မြေကွက်အမှတ်(၆၈)၊ ဧရိယာ(၁၃သမ၀၀)ဧကရှိ မြေပိုင်မြေ အမျိုးအစား ၃/ခရပြီး အိမ်ရာမြေကွက်မှ တစ်ဝက်တိတိဖြစ်သော ယင်းအိမ်ရာ မြေကွက်၏ မြောက်ဘက်ခြမ်း(၀၁၃သမ၅၀)ဧကရှိ အိမ်ရာမြေကွက်၊ အရှေ့ဘက်မျက်နှာ (၄၂ပေ၊ ၆လက်မ)၊ တောင်ဘက်မျက်နှာစာ(၅၂၅ပေ) အနောက်ဘက်မျက်နှာစာ (၄၀ပေ)၊ မြောက်ဘက်မျက်နှာစာ (၅၃၅ပေ)ရှိ အိမ်ရာမြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော အရပ်မျက်နှာအခေါ်အရ အရှေ့ဘက်ဆုံးမြေကွက်ဖြစ်သော အောက်မင်္ဂလာဒုံလမ်းမကြီး၏ အနောက်ဘက်၌ ကပ်လျက်တည်ရှိသည့် အလျား(၄၂ပေ၊၆လက်မ) အနံ (၁၃၅ပေ) အကျယ်အဝန်းရှိ အိမ်ရာမြေကွက် **(မြေပုံပေါ်တွင် "အေ" အမှတ်အသားဖြင့် ဖော်ပြထားသည့် အိမ်ရာမြေကွက်)** ကို တရားဝင်ပိုင်ဆိုင်ထားသည်ဆိုသော သူများထံမှ ဝယ်ယူ၍ စရန်ငွေအချို့ ပေးချေထားပြီးဖြစ်သဖြင့် ယင်းသို့ ရောင်းဝယ်ခြင်းကို ကန့်ကွက်လိုသူရှိက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ဥပဒေနှင့်အညီ ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဌေးဦး(ကြို့ပင်ကောက်)
LL.B
တရားရုံးချုပ်ရှေ့နေ
ရုံး -၅၆၁(ပထပ်)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
အိမ်-အမှတ်(၅၀)၊ တတိယထပ်၊ ဗွာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

Elephant House
Exclusive Furniture & Accessories

Elephant House ... Package ... Elephant House ... Customer ...
Tel: (95-1) 579 697, 579 709, 721 866 Fax: (95-1) 579 709

Green Elephant Restaurant(s)

Please come and enjoy with
Myanmar Traditional Cuisine, Chinese & Thai Food
with Ambience and Quality
"Home Catering Service Available"

Green Elephant (Yangon)
No. 519 (A), Thirimingalar Lane,
Kamayut Township, Yangon.
Tel : (95-1) 535 231, 720 375
Fax : (95-1) 537 706
E-mail : greenygn@myanmar.com.mm
www.greenelephant-restaurants.com

Green Elephant (Mandalay)
3 H, Block 801, 27th Street,
Between 64th & 65th Street,
Aung Daw Mu Quarter, Mandalay.
Tel : (95-2) 612 37

Green Elephant (Bagan)
(River View / Yamanar)
New Bagan. Tel : (95-2) 670 99

ထွက်ပြီ

NEW MOTION TRAVELS CO., LTD.
Air Bag, Airport Bus, Standard Hotel, Restaurant, Medical Care, Guide Service
ပုဂံအထူးခရီးစဉ် Sept ; 23 Oct ; 14, 28
ကလော/ပြင်ဦးလွင်/ဘုရားခရီးစဉ် Sept ; 28
Ph : 725 759, 537 824

သပြေမိုး
တီးတိုးအချိုပ်လေး
(အသစ်ဆက်ဆက် ထုံးချောင်းတွေ)
မြန်ချီရေး
ရန်ကုန်

ဝန်ထမ်းအလိုရှိသည်

(ကျပ်ငွေဖြင့်ပြည်တွင်း၌သာခန့်ထားရန်)

Accountant ကျား၊ မ(၂)ဦး

B.Com(or)D.A(Any Graduate)

(တောင်ငူ၊ မန္တလေးမြို့များရှိ ကုမ္ပဏီရုံးခွဲများတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။)

စိတ်ဝင်စားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာနှင့်အတူ အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၂၂)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်လုံးချင်းအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၆၈၂၁၄၇၊ ၆၈၂၁၅၇၊ ၆၈၁၉၈၃ ext.၈၀၂-၈၀၅

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Interior Decoration & Furniture Designer B.Arch (or) A.G.T.I(Civil) (ကျား) (၅)ဦး

(၂) Marketing Executive (ကျား/မ) (ကျား) (၅)ဦး

(၃) ယာဉ်မောင်း (ကျား) (၂)ဦး

Sinma Furnishings Co., Ltd.

အမည်ပြောင်းခြင်း

မကြေးတိုင်၊ နတ်မောက်မြို့၊ အထက(၁)အမှတ်(အိုင်)မှ အဘ ဦးမောင်မောင်၏သမီး မမေဆုအေးအား မချောဆုသွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မချောဆုသွင်။**

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးညိုမြ၏သား မောင်အောင်ကိုကို အသက်(၂၀)သည် မြောက်ဥက္ကလာပမြို့နယ်၊ တောင်ကြီးမြို့သစ်၊ ဓရလမ်း၊ အမှတ်(၁၀)၊ (၆)ရပ်ကွက်နေအိမ်မှ ၂၇-၄-၂၀၀၄ ရက်နေ့တွင် ထွက်သွားရာမှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ကိုသိန်းတန်(ခ)ကိုချစ်ပန်း ဖုန်း-၇၀၅၈၆၃

ကျေးဇူးတင်ရှိခြင်း စောကဲ့ဒို (၆၆)နှစ်

၇-၉-၂၀၀၄နေ့တွင် ရုတ်တရက် ကွယ်လွန်သွားသော ဖခင်ကြီး(စောကဲ့ဒို)၏ နာရေးကိစ္စတွင် အထူးပြုကူညီပေးကြသော ရက်ကုန်ရေးကော်မတီဝင်များ၊ ဆွေမျိုးမိတ်ဆွေများ၊ လုပ်ငန်းရှင်များနှင့် Lwin & Swan Co.,Ltd.၊ Ayeyarwaddy Co.,Ltd.၊ Shining Group Co., Ltd. တို့မှ MD များ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ Care (Myanmar) မှ ဆရာ၊ ဆရာမများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းမေးကြသော မိတ်ဆွေများအား အလုံးစုံ ကျေးဇူးတင်ရှိကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း ဦးထင်ချို (၅၆)နှစ်

၉-၉-၂၀၀၄ရက်တွင် ရုတ်တရက် အနိစ္စရောက်သွားသော ဖခင်ကြီး ဦးထင်ချို (MD Shining Star Tour Express Ltd.) (မြန်မာလက်ရွေးစင်ဘောလုံးသမားဟောင်း စာတိုက်/ကြေးနန်း)၏ နာရေးကိစ္စတွင် မျှဝေခံစားပေးကြသော ဆရာတော်ကြီးများ၊ ဆွေမျိုးမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လာရောက်ကူညီပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိကြောင်း နှင့် ရက်လည်ဆွမ်းကျွေး ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် - ၃၆/မမ/ရုံးသုံးစက်ကိရိယာ(ဌာနခွဲအသီးသီး)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Electric Calculator	5-Nos.
2.	Colour Printer	1-No.
3.	Dot Metrix Printer, A3	1-No.
4.	Copy Printer	2-Nos.
5.	Scanner	2-Nos.
6.	PA System	10-Sets.

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၂၉-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၅-၉-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃။

Ruby Car Rental ☎ 725317, 650823
Saloon များနှင့် Van, Hilux, Publica ကားများကို

Par Ra Mi Shin
Car Rental
Ph: 01-648814, 708516

အမြန်ရောင်းမည်

Toyota Dyna (Box Truck) 14' Aluminium ပုံး (13B, 87 BU 85) Air Con, Power ကားကောင်း နောက် Fuso တန်းကြီးပြောင်း (လိုင်စင်ပြီး) အမည်ပေါက် အ-အကွရာ

ဆက်သွယ်ရန်-

ဖုန်း- ၅၃၉၆၄၃၊ ၅၂၄၆၂၊ ၀၉ ၈၀ ၃၁၄၈၅။

ကျွန်တော်မကြော်ငြာပါ

အကြောင်းပြင်ပညာဖြင့်နောက်ကျောဘဲ

ဦးအေးထွန်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ ၁၆ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဦးဝမ်းတင်(ဟသ်ာ)

ဘီစီအက်(စ်)

အမှုထမ်းသက် ဒိုင်ယာရီ အပိုင်း(၁)ထွက်နေပြီ။

အမည်ပြောင်းခြင်း

ဦးထွန်းထွန်း၏ သမီးဖြစ်သူ အထက(၃)သာကေတ ဒသမတန်း(A)မှ မချစ်မြတ်မွန်အား မမေတာယာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မမေတာယာထွန်း။**

ရုပ်ရှင် (1)
TV
Ph : 560339

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း အမှတ်(၃၇)နေ ဒေါ်စိန်(၁၃/လရန(နိုင်)၀၂၈၀၅၁)အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မြောက်ရပ်ကွက် အမှတ်(၁၃)မြေကွက်အမှတ်(၉၆၆)မြေဧရိယာ ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေဖြစ်သော ... အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်သူ၏ကြားရှက်ဥပဒေ- ဦးအမ်

B.Sc,R.L,D.A,D.M.A,D.B.L,D.A.P

တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအကြံပေး

တိုက်(K)၊ အခန်း(၄၀၅)၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၂၂၈၇၆၅။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေအုန်း (MAC)ဝါကီစ္စာဘဲ့ ရအသင်း အလုပ်အမှုဆောင်၏ မိခင် ဒေါ်တင်အေး ၁၃-၉-၂၀၀၄တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဝါကီစ္စာဘဲ့ ရအသင်း(မြန်မာနိုင်ငံ)

လုံးဝတာဝန်မယူပါ

မောင်အောင်ခိုင်စိုးလွင် (၈) မောင်အောင်ခိုင် (ALE. ၀၀၉၅၀၈) ပြုလုပ်သမျှသော ကိစ္စအဝဝတို့သည် ကျွန်မ ဒေါ်လုလုကြည်နှင့် လုံးဝ မသက်ဆိုင်ပါ။ တာဝန်ယူခြင်း မပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ မိခင်-ဒေါ်လုလုကြည် [၁/ဗဟန(နိုင်)၀၇၁၅၉၁]

KMD MCSA Professional Certificate Exam အတွက်သင်တန်းများ
ICT အတတ်ပညာ၊ သုတေသနနှင့်များတွင် ... Computer ...
Networking - 1 October 2004 (Mon-Fri) Time: 9:00-12:00
Fundamental - 27 September 2004 (Mon-Fri) Time: 1:00-4:00
Software Development - 1 October 2004 (Mon-Fri) Time: 9:00-12:00
MCSA Exam များကို ...
KMD

NPE
စာပေချစ်မြတ်နိုးသူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်
(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၉၄၃၀၆

ဖခင်အမည်မှန်

ဗဟန်းအထက(၂)၊ ဒသမတန်း G-11(A)မှမောင်လှဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဟော်စိုင်း(ခ)ကိုကျော်ဦး [၁၂/လသန(နိုင်)၀၀၀၇၀၈] ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကင်းအိမ်ရာစခန်း၊ အမှတ်(၃)ရပ်ကွက်၊ တိုက်အမှတ်(၂၀၅)၊ အခန်းအမှတ်(၁၁)သည် ဒေါ်ဆင့်အား ချထားပေးခဲ့သော အိမ်ခန်းဖြစ်ပါသည်။ ဒေါ်ဆင့်သည် ၁-၃-၂၀၀၀ ရက်နေ့က ကွယ်လွန်ခဲ့ပြီးဖြစ်ရာ ... ကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၅၅၆၄၅။

ဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့်ဆွေ-ဒေါ်မိမိသက် စိန်ဟင်းအိမ်ဆောက် ... ကွယ်လွန်သွားကြောင်း ... ဝမ်းနည်းကြေကွဲရပါကြောင်း။

United Paints Group Co.,Ltd.(UPG)

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးအောင်ကိုကို (ဆေးမှူးချုပ်)
(မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း) အသက်(၅၃)နှစ်

ဆရာ- ၈-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညသ၁၁:၃၀နာရီတွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားသည့်အတွက် ဆရာမိသားစုနှင့်ထပ်တူ ဝမ်းနည်းလွမ်းဆွတ်ကြေကွဲရပါကြောင်း။

ဒေါက်တာဦးငွေးမိသားစုနှင့် ရေနံချောင်းရေနံမြေဆေးခန်းဝန်ထမ်းများ။

SHINE AC-DC

ဦးကြီးမြင့်
အသက် (၇၅)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက် ဆွမ်းကြီးလောင်းနှင့်ဆွမ်းလောင်းမှော်ကုဥက္ကဋ္ဌ၊

ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်း၊ အမှတ်(၈၃)ပထမထပ်နေ (ဦးအုန်းဖေ-ဒေါ်ခင်)တို့၏သား၊ ... ၁၄-၉-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၀၄ ရက် (ကြာသပတေးနေ့) ... ဆောင်ကြပါရန်။

အိုးဘိုရပ်ကွက် ဆွမ်းကြီးလောင်းနှင့် ဆွမ်းလောင်းမှော်ကု

မောင်ဟိန်းထက်အောင်
အသက် (၈)လ

ရန်ကုန်မြို့၊ အမှတ်၁၅၆၊ ၃၁လမ်း၊ မြေညီထပ်၊ ပန်းဘဲတန်းမြို့နယ်နေ ဦးကျော်လင်း-ဒေါ်ရင်ကြည်တို့၏ မြေး၊ ရန်ကုန်မြို့၊ အမှတ် ၂၀၊ ၄၄လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်နေ ဦးအောင်မြင့်-ဒေါ်ဖြိုးသွယ်နိုင်တို့၏ သားဦး၊ မြန်မာဖြတ်ရတနာနိုင် (အထက-၁၁၃) K.G (E)၏ မောင်၊ ဦးအောင်ဆွေ-ဒေါ်သန္တာ၊ မစပယ်တို့၏ တူဖြစ်သူသည် ၁၃-၉-၂၀၀၄ ရက်တွင် ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မန္တလေးအသင်းဖိတ်ကြားလွှာ

[illegible]

ဦးကြီးမြင့်
အသက်(၇၅)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊အိုးဘိုရပ်ကွက် ဆွမ်းကြီးလောင်းနှင့် ဆွမ်းလောင်းမွှာရုံဥက္ကဋ္ဌ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာလမ်း၊ အမှတ်(၈၃)၊ ပထမထပ်နေ (ဦးအုန်းဖေ-ဒေါ်ဇင်)တို့၏ သား၊ ဒေါ်သန်းနွဲ့၏ခင်ပွန်း၊ ဦးကြည်အေး-ဒေါ်စန်းမြင့်တို့၏ အစ်ကို၊ ဒေါ်ဖြူဖြူမြင့်(ထ-၃၊ စမ်းချောင်း)-ဦးထွန်းလင်း၊ ဦးခင်ဇော်-ဒေါ်နွယ်နွယ်အောင်(အမက-၁၀၊လှိုင်)၊ ဦးဝင်းဇော်-ဒေါ်မြတ်သွယ်၊ ဦးအောင်နိုင်(ခ)ကိုဖိုးချိုတို့၏ဖခင်၊ မောင်ဖြိုးမြတ်(1st MB-IM-1)၊ မောင်အောင်ပြည့်ဖြိုး၊မတင်ဇာထွန်းလင်း(VII-B၊ထ-၂၊ စမ်းချောင်း)၊ မောင်ဖုန်းမြတ်သူ (V-A၊ ထ-၄၊ အလုံ)၊ မခြူးစိမ့်သွယ်(I-A၊ထ-၁၊ ကြည့်မြင်တိုင်) တို့၏ အဘိုးသည် ၁၄-၉-၂၀၀၄(အင်္ဂါနေ့)တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၁၁း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်သာ
အသက်(၇၀)

မွေး/ကု ဦးစီးမှူး (ငြိမ်း) (မြောက်ဦး/ထားဝယ်)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက်ကောက်ဈေးရပ်နေ ဦးသိန်းဒိုးအောင်-ဒေါ်နန္ဒာဦးတို့၏သား၊ ဒေါ်ဒါလှ၏ မောင်၊ ဒေါ်မကျော့စိန်၏ အစ်ကို၊ ဒေါ်ခင်နှင်း (အမျိုးသမီးကျန်းမာရေးဆရာမ၊ငြိမ်း)၏ခင်ပွန်း၊ ဦးတင့်လွင်(A.E.မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ခင်သန်းမြင့်၊ ဦးဇော်မိုးဦး၊ ဦးကျော်ကျော်စိုး- ဒေါ်အုန်းကြူ၊ ဦးမွန်ကျော်-ဒေါ်ခင်စန်းရီ၊ ဦးမြဇော်-ဒေါ်သီသီကျော်(မူပြ၊ အလက-၅၊ မရမ်းကုန်း)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုး ဦးကျော်သာသည် တိုက်(၃၅)၊ အခန်း H-3၊ မဟာမြိုင်အိမ်ရာ၊ တိုးချဲ့(၄၁)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ၁၅-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မလှဲ့လှဲ့ဝင်း (၂၂)နှစ်

B.Sc- (Bot)
(မင်းပြား)

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဈေးဟောင်းပိုင်းနေ ဦးဒိုးအောင်ကျော်(ကျောင်းဆရာ၊ အငြိမ်းစား)-ဒေါ်သာသာတို့၏ ချစ်လှစွာသောသမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၄)၊ သြဘာလမ်း၊ ကျောက်မြောင်းနေ (ဦးမောင်စန်းဝင်း)-ဒေါ်ခိုင်ခိုင်ဦး (အမက-မင်းပြား)၊ မလှလှဝင်း(ခ)မအေးမြကြည် (ပါရဂူအထူးကုဆေးခန်း)၊ ဦးဘထူးအောင်-ဒေါ်သိန်းသိန်းခိုင် (သားဖွားဆရာမ-မင်းပြား)၊ (ကိုအောင်စောမင်း)၊ ကိုညီညီမောင်(G.T.I)တို့၏ ညီမငယ်၊ မအေးမိုးမိုး (အထက-၁၊ မင်းပြား)၏ အစ်မ၊ မယဉ်ထက်ပန်း၊ မောင်ဟိန်းသုတတို့၏ အဒေါ်၊ ကိုညီအေးသိန်း၏ ချစ်လှစွာသောဇနီး မလှဲ့လှဲ့ဝင်းသည် ၁၁-၉-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ်-၃၄၊သြဘာလမ်း၊ကျောက်မြောင်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ရှိန်းမံ
အသက်(၈၆)နှစ်

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မကြိုင်ရွာနေ (ဦးတမ်ရှိန်း-ဒေါ်လောကွဲ)တို့၏သမီး၊ သွိပန်းရွာနေ (ဦးလောဟုန်းငိုင်း-ဒေါ်လောပိုင်လီး)တို့၏ချွေးမ၊ (ဦးငိုင်းဟာ-ဒေါ်ကီးရောင်)၊ (ဦးရှိန်းဂေ-ဒေါ်ငိုင်းထုံ)တို့၏ညီမ၊ (ဦးငိုင်းကီး) ၏ဇနီး၊ (ဦးအွမ်နိန်-ဒေါ်ဟာအွယ်)၊ ဦးဟာဟုန်း-(ဒေါ်ထန်းယ)တို့၏ ထွေးလေး၊ ဦးဖေလိန်းမောင်-ဒေါ်ကီးထုံ၊ (ဒေါ်ကီးရှင်း)၊ ဦးကီးအောင်(သ/မဌာန-ငြိမ်း)-ဒေါ်ကီးရောင်၊ ဦးကီးတမ်(ဒု-ဥပဒေအရာရှိ၊ ကမာရွတ်)-ဒေါ်မန်လိုင်း(သားဖွားဆရာမ၊ ကလေး၀)၊ ဦးနိုင်းကီး(မစဘ-မင်းတပ်)-ဒေါ်ကီးလီး(မစဘ-မင်းတပ်)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၂၄ ယောက်၊ မြစ်၂၁ ယောက်တို့၏အဘွားသည် ၁၂-၉-၂၀၀၄ ရက်တွင် မင်းတပ်မြို့ ဦးဟာဟုန်း၏နေအိမ်၌ ကွယ်လွန်ပါ၍ ၁၅-၉-၂၀၀၄ ရက်တွင် မင်းတပ်မြို့ အရှေ့ပြင်၌ သဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်လွှာ

မိခင်ကြီးဒေါ်ရှိန်းမံ နာမကျန်းဖြစ်စဉ်က ကုသပေးခဲ့ကြသော မင်းတပ်မြို့ခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများနှင့်တကွ ဈာပနကိစ္စ အဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ဟန်(ကနောင်)
အသက်(၇၇)နှစ်

ကနောင်မြို့၊ ရိုက်စုရပ်နေ (ဦးငွေခဲ-ဒေါ်နန်းအေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၂)လမ်း၊ အမှတ်(၅၅)နေ [ဦးသန်းထွန်း(ခ)ဦးကုလား]၏ ဇနီး၊ ဦးစောမောင်၏ညီမ၊ ဦးရဲဝင်း၊ ဦးကြည်အောင်-ဒေါ်တင်သန်း(လ-၂၊ တာမွေ၊ ငြိမ်း)တို့၏ မိခင်၊ ကိုရန်ဝင်းနောင်-မကြည်ကြည်ဟန်၊ ကိုရန်မင်းအောင်-မနှင်းဝေ၊ မောင်ကျော်မင်းသန့်၊ ကိုကျော်ကျော်ထွေး-မစုမြတ်ထွေး၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၁၄-၉-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

Mrs. Marie Melendez
(ခ)ဒေါ်စောချစ်
အသက်(၇၄)နှစ်

(တညင်းကုန်း၊အင်းစိန်)

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နေ (ဦးမောင်ရှိန်-ဒေါ်စိန်မြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခြံအမှတ်(၁၂/၉၇)၊ဘိုခြံ၊ တညင်းကုန်းရပ်ကွက်နေ [ဦးခင်မောင်ကြီး (ခ) Mr. Freddy Melendez] ၏ဇနီး၊ Mrs. T. Benette.၊ ဦးမောင်မောင်တင်-(ဒေါ်နီနီ)၊ဦးစိုးဝင်း-ဒေါ်ရီတာစိုးဝင်း၊ ဦးထွန်းအောင်(ခ) Carlo Melendez-ဒေါ်လှလှ၊ ဦးစံလွင် - ဒေါ် Tino၊ Mr. & Mrs Nfarnse၊ ဦးသန်းအောင်-ဒေါ်တင်တင်အေးတို့၏ အစ်မသည် ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင်အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်
အသက်(၈၀)

(ချောက်)

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အမှတ်(၃၃)၊ ဇောတိကလမ်း၊ မြို့မ တောင်ရပ်နေ (ဦးရန်ချူ-ဒေါ်ပြားကြီး)တို့၏သမီးကြီး၊ (ဦးအောင်ဒင်)၏ဇနီး၊ ဦးအောင်ကြည်အေး-ဒေါ်မေစန်းခိုင်၊ ဦးအောင်ကြည်ငွေ-ဒေါ်ကြူကြူမြင့်၊ ဦးအောင်ကြည်စိုး-ဒေါ်စမ်းစမ်းကြူ၊ ဦးရဲမြင့်-ဒေါ်စမ်းစမ်းကြည်တို့မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၅-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအေးကြူ(ခ)အစု B.Sc
အသက်(၆၈)နှစ်

မြန်မာ့လက်ရွေးစင်ကျွန်းဆွယ်သေနတ်ပစ်ချန်ပီယံဟောင်း စိန့်ပေါလ်ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းကမ်းနားလမ်း၊ အမှတ်(၃၄/၃၆)နေ (ဦးဘသင်-ဒေါ်ချစ်)တို့၏ သားငယ်၊ ဦးကံဦး(ကျွန်းဆွယ်သေနတ်ပစ်ချန်ပီယံ)-ဒေါက်တာဒေါ်အုန်းကြည်(ကလေးအထူးကုဆရာဝန်ကြီး)တို့၏ညီ၊ ဒေါ်ခင်သန်း(အထက၊ကျောင်းအုပ်၊ ငြိမ်း၊ ပြင်ဦးလွင်)၏ခင်ပွန်း၊ ဗိုလ်ကြီးကျော်ဝဏ္ဏ(ငြိမ်း၊ M.E.C)-ဒေါ်ယုဥမ္မာ၊ ဦးမင်းသန့်-ဒေါ်မာမာစိုး(ပြင်ဦးလွင်)၊ ဦးမိုးအောင်သိန်း-ဒေါ်သိန်းသန်းစု၊ ဦးမင်းခန့်(UNDP)၊ ဦးမိုးမင်းဒင်-ဒေါ်လှပိုပိုစုတို့၏ဖခင်၊ မောင်ဟိန်းဝဏ္ဏကျော်(၃/နှစ်၊ Eco)၊ မဆောင်းနှင်းယု (အထက-၁၊ဒဂုံ)၊ မောင်ကျော်မိုးခိုင်(အလက-၃၊ ပြင်ဦးလွင်)၊ မောင်ရဲရင့်ဝေယံ၊ မောင်ညီညီစိုးစံတို့၏အဘိုးသည် ၁၄-၉-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၀၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မေအုန်း၏မိခင် ဒေါ်တင်အေး(၈၃)နှစ်သည် ၁၃-၉-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)၊ ဆေးပညာဌာနမိသားစု၊
မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊
သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၊
အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး။

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးဘငွေ(ငြိမ်း)
အသက်(၈၀)

စည်ပင်သာယာရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာန၊ ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးခင်မောင်ငွေနှင့် ဇနီးဒေါ်စန္ဒီလွင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး ဘငွေ(ငြိမ်း) အသက်(၈၀) ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စည်ပင်သာယာရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနမိသားစုများ။

Mrs. Marie Melendez
(ခ)ဒေါ်စောချစ်
အသက်(၇၄)နှစ်

(တညင်းကုန်း၊ အင်းစိန်)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ခြံအမှတ် (၁၂/၉၇)၊ ဘိုခြံ၊ တညင်းကုန်းရပ်ကွက်နေ [ဦးခင်မောင်ကြီး (ခ) Mr. Freddy Melendez]၏ ဇနီး၊ ဦးချစ်သဏ်-ဒေါ်ခင်မာဆွေ၊ ဦးမောင်မောင်ရှိန် (Total)-ဒေါ်ချယ်ရီ၊ ဦးမောင်မောင်လတ်-Wendy၊ ဦးခင်မောင်လေး၊ ဦးသန်းမြင့်-ဒေါ်ဆွေနွယ်ဝင်း၊ ဦးယဉ်ထွေး (Popa Resort)-ဒေါ်ကေသီခင်၊ ကိုဝင်းဝင်းတာ(Paris Co)-မသူဇာတို့၏ မိခင်၊ မစုနန္ဒာချစ် (Uniteam English Centre)၊ မဇင်လင်းလင်းချစ်၊ မသဇင်၊ မောင်ဇော်ဇော်ရှိန်၊ မောင်မင်းမင်းစိုး (Sakura Residence) - မထူးထူးဝေ (Y.G.M)၊မောင်ကျော်ကျော်ပိုင်၊မောင်နေဝင်းအောင်၊ မဟယ်လင်ရှိန်၊ မချောချောဝေ၊ မယမုံဝင်း၊ မောင်ကောင်းဆက်၊ မောင်မင်းဒီပါ၊ မအေးနဒီအောင်တို့၏ အဘွားသည် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄ (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမျိုးဝင်း
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၉၆-A)၊ မြေညီထပ်၊ ကျောက်မြောင်းနေ(ဦးသိန်းဆောင်)-ဒေါ်နှင်းရီတို့၏သားကြီး၊ ဦးကျော်အေး-ဒေါ်တင်လှတို့၏ သားသမက်၊ မကြည်ခိုင်၏ခင်ပွန်း၊ မဇင်မာလွင်၊ မောင်အောင်ဇော်ဖြိုး၊ မဝေဝေအောင်တို့၏ အစ်ကိုသည် ၁၅-၉-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇-၉-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

Mrs. Marie Melendez
(ခ)ဒေါ်စောချစ်(၇၄)နှစ်

(တညင်းကုန်း၊ အင်းစိန်)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ခြံအမှတ်(၁၂/၉၇)၊ ဘိုခြံ၊တညင်းကုန်းရပ်ကွက်နေ [ဦးခင်မောင်ကြီး (ခ) Mr.Freddy. Melendez.]၏ ဇနီး၊ မှော်ဘီမြို့နေ(ဦးမောင်ရှိန်- ဒေါ်စိန်မြင့်)တို့၏သမီး၊ မှော်ဘီမြို့နေ (ဦးလှချော)-ဒေါ်လှကျင်၊ ဦးမာန်ကြည်-(ဒေါ်သန်းနွဲ့)၊ (ဦးအောင်မြင့်)-ဒေါ်ညွန့်ကြည်တို့၏ ညီမ၊ မှော်ဘီမြို့နေ ဦးမြအုန်း(ထွေ/အုပ်ဦးစီး၊ငြိမ်း)- ဒေါ်ခင်လှိုင်(သ/မ ဦးစီး)တို့၏အဒေါ်သည်၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၂နာရီတွင် အထက်ပါ နေအိမ်၌ကွယ်လွန်ပါ၍၁၇-၉-၂၀၀၄ (သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယကာကြီး

ဦးသန်းဦး (ခ) ဦးကျန်စိန်
အသက် (၆၅) နှစ်

ယခင်ကုန်သွယ်ရေး (၁) ငြိမ်း

ပဲခူးတိုင်း၊ ဝေါမြို့နယ်နေ (ဦးပု-ဒေါ်ကျင်လှိုင်)တို့၏ သားထွေး၊ မော်လမြိုင်မြို့၊ ဖားအောက်ရွာသစ်နေ (ဦးဘိုးဆိုင်-ဒေါ်သင်းထုံ)တို့၏ သားသမက်၊ဟင်္သာတမြို့နေ(ဦးထိုင်ဟုတ်)-ဒေါ်ကျင်မြိုင်တို့၏ တူသား၊သင်္ဃန်းကျွန်းမြို့နယ်နေ(ဦးထွန်းအောင်)-ဒေါ်ရင်လှ၊ ပေါင်းတည်မြို့နေ (ဦးဟုတ်စိန်-ဒေါ်စန်းရီ)၊ ဟင်္သာတမြို့နေ ဦးလှကြင်- ဒေါ်ကျင်သန်းတို့၏ ညီ/မောင်၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ အမှတ်(၂၈၄)နေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဒေါ်လှလှကြည်၊ ဦးသိန်းဦး- ဒေါ်ဝင်းကြည်၊ ဒေါ်သီတာ ဦး၊ဦးသိန်းဇော်ဦး- ဒေါ်စန္ဒာဝင်း၊ ဦးတိုးရဲ-ဒေါ်သင်းသင်းကျော်၊ မောင်မင်းမင်းအောင်တို့၏မွေးသဖခင်သည် ၁၄-၉-၂၀၀၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသည်။ ၁၆-၉-၂၀၀၄ ရက်မွန်းလွဲ ၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်မယ်ဟိန်(၉၂)နှစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ အောင်မင်္ဂလာတိုက်သစ်၊ တိုက်အုပ်ဆရာတော် ဦးကောသလ္လ၏ ရဟန်းအမကြီး၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သစ်တောလမ်း(မောင်လေးဝင်း)နေ ဦးတင်မောင်၏ဇနီး၊ ဦးလှထွန်း-ဒေါ်သန်းရှင်၊ ဦးတင်စိန်-ဒေါ်သန်းကျင်၊ (ဦးသန်းခင်)-ဒေါ်ဝင်းကြည်၊ မြန်ပြည်သစ် အုတ်၊ သဲ၊ကျောက်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်နှင့် မိုးမြင့်ထက် သဲဖို့ခြင်းလုပ်ငန်းတို့မှ ဥက္ကဋ္ဌဦးခင်ဇော်-အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်တင်တင်နွယ်တို့၏ မိခင်၊ မြေး ၂၀ ယောက်၊ မြစ် ၄၅ယောက်တို့၏ အဘွားသည် ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၀၄ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။)(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပန်းချီဆရာကြီး

ဦးမင်းနိုင်
အသက်(၈၀)

နာယက

မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ နာယက ပန်းချီဆရာကြီး ဦးမင်းနိုင်သည် ၁၄-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အစည်းအရုံးဝင်များ လိုက်ပါပို့ဆောင်နိုင်ရန် ဗိုလ်ချုပ်ဈေး FMIရှေ့မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) အလုပ်အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သော(ခ)ဒေါ်ရှုညွန့်
အသက်(၇၈)နှစ်

(ဆေးရုံလမ်း၊ ကျုံမငေး)

ကျုံမငေးမြို့၊ အမှတ်(၁၄)၊ ဆေးရုံလမ်းနေ (ဦးကျော်တင့်-ဒေါ်အေး)တို့၏ သမီး၊ (ဦးချွန်စိန်)၏ဇနီး၊ (ဦးခွန်စိန်-ဒေါ်မြင့်)တို့၏ ညီမ၊ ဦးပွလေး-ဒေါ်သန်းနု၊ ဦးဘိုစိန်-ဒေါ်နုတို့၏ အစ်မ၊ မကျင်သိန်း၊ မမာမာချို၊ (မမာမာအေး)၊ ကိုဝင်းလှိုင်-မမာမာငွေ၊ ကိုအောင်သန်းဦး-မမာမာမွေ၊ ကိုမျိုးမြင့်သိန်းတို့၏ အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၅-၉-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ကျုံမငေး တရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးခင်စိုး
အသက်(၅၁)နှစ်

M.V Global Discovery Multi-Gate Corp.,Ltd. (BOSUN)

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၁၄)၊ အခန်း(၂)နေ ဒုတိယဗိုလ်မှူးကြီးသူရကျင်တင် (ငြိမ်း၊ တပ်မတော်-ရေ)- ဒေါ်စန်းမြင့်တို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်ခင်သန်းတို့၏ သားသမက်၊ ဦးမျိုးမြင့်-ဒေါ်ချိုချိုထွန်း၊ ဒေါ်စန်းစန်းခိုင် (KMO& Family Co.,Ltd)၊ ဦးမင်းစိုး-ဒေါ်သီတာခိုင်(နည်းပြ၊ စက်မှုတက္ကသိုလ်၊ သက်ဦးစီးဌာန)၊ ဦးသက်တင်အောင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ်(၂၆-၄၊ ဘီ)၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းသန်းနု၏ချစ်လှစွာသောခင်ပွန်း၊ မခိုင်ခိုင်ဝင်းစိုး၊ မဝါဝါဝင်းစိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်စောနိုင်ထွန်း၊ မောင်ဆန်းမျိုးထွန်းတို့၏ ဦးလေးသည် ၆-၉-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် စင်ကာပူနိုင်ငံ၌ မီးသဂြိုဟ်ပြီးဖြစ်ပါ၍ ကျန်ရစ်သောအရိုးပြာကို၁၇-၉-၂၀၀၄(သောကြာနေ့) နံနက်၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ

မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ

သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၈၀)

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ တံတားဦးကျောင်းတိုက်၏ပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပရိယတ္တိသာသနာ့နုဂ္ဂဟအသင်း၊ စာပြန်ပွဲကြီး၏ သြဝါဒါစရိယ ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ ဆရာတော်သည် (၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၂ရက်)၊ ၁၅-၉-၂၀၀၄ရက် နံနက်၄း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ရက်)၊ ၂၁-၉-၂၀၀၄ (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ။

တံတားဦးကျောင်းတိုက်၊ ပန်းတနော်မြို့။

ပန်းချီဆရာကြီး

ဦးမင်းနိုင်
အသက်(၈၀)

ညွှန်ကြားရေးမှူး(အငြိမ်းစား)၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားစာပေဆုရှင်၊ မနုဿဗေဒ(တွဲဖက်ပါမောက္ခ-ရန်ကုန်တက္ကသိုလ်) ပရိယတ္တိသာသနာ့တက္ကသိုလ် "မဟာမွှောစရိယ" အတန်းပြင်စာစစ် ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊ နာယက (ရိုးရာပန်းအစည်းအရုံး) ပခုက္ကူဦးအုံးဖေစာပေဆုရွေးချယ်ရေးကော်မတီနှင့် ရည်ညွှန်းကျမ်းများ စိစစ်ရေးအဖွဲ့ဝင်၊ (ပန်းချီ၊ပန်းပုပြပွဲ၊ပြိုင်ပွဲအကဲဖြတ်အဖွဲ့ဝင်)၊ ယဉ်ကျေးမှုတက္ကသိုလ်နှင့် ပြတိုက်ပညာ ဒီပလိုမာသင်တန်း(ကထိက)

ပဲခူးတိုင်း၊ ပြည်ခရိုင်၊ပုတီးကုန်းမြို့နေ(ဦးဖိုးဟန်-ဒေါ်စောရင်)တို့၏သား၊ (ဦးစိန်ဟောင်း-ဒေါ်ကျင်ပွင့်)တို့၏သားသမက်၊ (ဒေါ်ခင်အေးမြင့်၊စာကြည့်တိုက်မှူး ရှေးဟောင်းသုတေသနဦးစီးဌာန)၏ ခင်ပွန်း၊ (ဦးချန်ထွန်း-ဒေါ်ဖွားတင်)တို့၏မောင်၊ မစန်းစန်းမြင့်၏ဖခင်၊(မငွေးရီ)၊ မဝင်းကြည်၊ ကိုမြင့်ဝေ၊ ကိုလှတင့်၊ ကိုခင်မောင်ထွန်း၊မအေးအေးသိန်း၊မခင်ထားထားရီ၊ မခင်နှင်းယု၊ မဝင်းပပချယ်ရီထွေးတို့၏ဦးလေးသည် အမှတ်(၈)၊စန္ဒကူးလမ်း၊ အကွက်(၃၀)၊ကမာကြည်လမ်း၊ သုဝဏ္ဏမြို့နေအိမ်၌ ၁၄-၉-၂၀၀၄(အင်္ဂါနေ့)ညနေ ၄း၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်နှင့် (၃၃)လမ်း(အထက်) လက်ဖက်ရည်ဆိုင်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမင်းထွန်း
အသက်(၃၃)နှစ်

စိန်လျှံစားသောက်ဆိုင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းမ၊ အမှတ် (၁၆)၊ စိန်လျှံခြံနေ ဦးဟန်ထွန်းမောင်(ကုက္ကိုင်းရေကူးအသင်း၊ မြားပစ်အဖွဲ့ချုပ်၊ မြင်းစီးအဖွဲ့ချုပ်)-ဒေါ်ကြင်တို့၏သား၊ ကိုကျော်ကျော်ဦး၊ ကိုကြည်သာထွန်းတို့၏ညီ၊ မသီတာထွန်း၊ မောင်အေးထွန်းတို့၏အစ်ကိုသည် ၁၄-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄ (ကြာသပတေးနေ့) ညနေ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂း၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ဘုရားဒါယိကာမ၊ရဟန်းမယ်တော်ကြီး

ဒေါ်သန်း(၉၃)နှစ်

(ရေနံချောင်း)

ရေနံချောင်းမြို့နေ (ဦးလှမော်-ဒေါ်သ)တို့၏သမီး၊ ထောက်ကြန့်မြို့၊ ဇေရာဇ်ရပ်ကွက်၊ မိတ္တလမ်း၊ အမှတ်(၃၂)နေ ရဟန်းမယ်တော်ကြီးဒေါ်သန်းရင်၏ အစ်မ၊ ဦးစန်း-ဒေါ်အုန်းကြည်(ကျောင်းဆရာမ၊ ငြိမ်း)၊ ဦးတင်အောင်လွင်(အထက-၃၊ မင်္ဂလာဒုံ)၊ ဒေါ်စန်းစန်းရီ၊ ဒေါ်သန်းသန်း(အထက-၃၊ မင်္ဂလာဒုံ)၊ ဒေါ်ထွေးရီ၊ ဒေါ်ဝင်းမြင့်၊ တကကကျော်ညွန့်၊ ဒေါ်ယုမေ(အထက ၃၊မင်္ဂလာဒုံ)တို့၏ အဒေါ်၊ (ဦးတင်ဦး) အရာခံဗိုလ်(ငြိမ်း) (တပ်မတော်-လေ)၊ (ဦးခင်ဦး)၊ ဒေါ်ရီရီမြင့်တို့၏ မိခင်၊ ဒေါက်တာဝင်းနိုင်(လမဖ မှော်ဘီ)၊ မအေးအေးဦး၊ မောင်စိန်ဝင်း၊ မမွှေးမွှေးဦးတို့၏ အဘွားသည် ၁၄-၉-၂၀၀၄ (အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါ၍ ၁၆-၉-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့်မြို့ရှောက်လမ်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်မျှင် (၈၃)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၈၂၇)နေ (ဦးဘအေး)၏ဇနီး၊ ဦးတင်မြင့်၏ မိခင်သည် ၁၅-၉-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရွှေချို အသက်(၈၀)

(လပွတ္တာ)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ တိုက်(ဘီ-၁)၊ အခန်း(ဘီ-၅)၊ (၁)ရပ်ကွက်၊ သမိုင်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီးနေ (ဒေါ်သိန်းကြည်)၏ ခင်ပွန်း၊ ဦးတင်ရွှေ-ဒေါ်မြင့်စိန်၊ (ဦးသောင်းကြည်) - ဒေါ်ခင်မေတို့၏ အစ်ကိုကြီး၊ ဦးမြင့်ဆွေ- ဒေါ်သန်းသန်းမြတို့၏မွေးသဖခင်၊ ဦးစည်သူမြင့်ဆွေ-ဒေါ်ရူပါတင်၊ ဦးကျော်သူမြင့်ဆွေတို့၏ အဘိုးသည် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄(သောကြာနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တီကွီကီး(ခ)ဒေါ်ခင်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် (၃၅/B)၊ (၉)လွှာနေ (ဦးလင်ချူကြင်း)၏ ဇနီး၊ (လင်စွမ်ထိုး)၊ လင်စွမ်အိန်း-ဆွလုံတိတ်၊ လင်စွမ်ကျိုလင်အင်းယား၊ လင်စွမ်ဖို့-ဦးကျော်မြင့်၊ လင်စွမ်လျှံ၊လင်ကျင်ဟုတ်၊လင်စွမ်ကြူး၊ လင်စွမ်စွမ်တို့၏ ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၅-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၀၄ (သောကြာနေ့)တွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပဲခူးတိုင်းတွင် သုံးနှစ်အတွင်း မိုးစပါးဧက သိန်း ၃၀ စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိ ဒေသခံတောင်သူများအနေဖြင့် တတ်နိုင်သမျှ စိုက်ဧက တိုးချဲ့ကြိုးစားဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၃ ရက် နံနက်တွင် ပဲခူးတိုင်း သာယာဝတီမြို့နယ် ကျွဲသတ်ကွင်းကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၁၂၅၃)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက စမ်းသပ်စိုက်ပျိုးနေသည့် မြစိမ်းရောင်စပါး စိုက်ပျိုးရေးစခန်းသို့ သွားရောက်ပြီး ရှင်းလင်းဆောင်၌ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းမန်နေဂျာ ဦးဝင်းမြင့်၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက **“ဒေသခံတောင်သူလယ်သမားများအား မျိုးဖြန့်ဝေရေး၊ လက်တွေ့နည်းပညာပေးရေး၊ သဘာဝမြေဩဇာနှင့် ပြည်တွင်းဓာတ်မြေဩဇာ**

တို့ကိုရောစပ်၍ အောင်မြင်ဖြစ်ထွန်းအောင် စမ်းသပ်စိုက်ပျိုးရေး” စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြစိမ်းရောင်စပါး စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပန်းတိုင်အထွက်တိုးတက်ရေး ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သာယာဝတီမြို့နယ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းက စမ်းသပ်စိုက်ပျိုးနေသည့် မြစိမ်းရောင် စပါးစိုက်ပျိုးရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်သွားမည် စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုလုပ်ငန်းတိုးတက်ရန် ဆောင်ရွက် မည်သည့်အခက်အခဲကိုမဆို စုစည်းညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှား

ရန်ကုန် စက်တင်ဘာ ၁၅

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုမြို့ရှိ စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ရွှေပြည်သာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုမြို့စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ရွှေပြည်သာစက်မှုမြို့ အတွင်းရှိ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်နှင့် ရွှေပြည်သာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျီးညိုနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆**

ဆောင်းပါးအညွှန်း

ပါတီအချို့ရဲ့ ခေါင်းဆောင်အချို့အနေနဲ့ ပင်စင်စားရိက္ခာရ ပုဂ္ဂိုလ်ကြီးတွေဖြစ်ပြီး ခိုင်မာတဲ့ စီးပွားရေး လုပ်ငန်းကိုင်ငန်းကြီးတွေ ရှိကြသလို အချို့သော ပါတီခေါင်းဆောင် ဆိုသူများကတော့ ပြည်ပနိုင်ငံအချို့ရဲ့ သူတို့ အကျိုးစီးပွားအတွက် မျှော်မှန်းချက်နဲ့ သွယ်ဝိုက်ထောက်ပံ့တာတွေ၊ တိတ်တခိုးထောက်ပံ့တာတွေရနေကြတော့ စားဝတ်နေရေး၊ ကျန်းမာရေး အပါအဝင် အစစခပ်သိမ်းပြည့်စုံပြီး ကျန်းမာပကတိ ချမ်းသာစွာ ရှိနေကြသဗျ။

ပေါက်စ၏ **“လိပ်ဖြစ်ရင် တောင် ခေါင်းမပြူဝံ့ပါဗျာ(၆၁) ဆောင်းပါး”** [စာမျက်နှာ–၆]

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေပြည်သာစက်မှုမြို့ အပိုင်း(၄)ရှိ မြန်မာ့အားမာန်(MAM) မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)